# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်**

လျှာသည် ချိုချဉ်ခါးဖန် အငန်အပေါ့ စသော ဟင်း၏ အရသာကို လျင်မြန်စွာ သိသကဲ့သို့ အသိမ္မာဉာဏ်ရှိသောသူသည် တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်ရမူ လျင်မြန်စွာ သူတော်ကောင်းတရားကို သိလေ၏။

ဗာလဝဂ်(ဓမ္မပဒ-၆၅)


၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်၊ သောကြာနေ့။ Friday, 20 December 2024 ၁၁၆၇၇


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ဝန်ကြီးဌာနအဆင့် အမျိုးသမီးဘော်လီဘော ဗိုလ်လုပွဲစဉ်တွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။
ဓာတ်ပုံ – မျိုးထက်

## ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားများကျင်းပ

## ဝန်ထမ်းမိသားစုများနှင့် အားကစားဝါသနာရှင်ပြည်သူများ ကြည့်ရှုအားပေး

နေပြည်တော် ဒီဇင်ဘာ ၁၉

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲများ၏ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားများကို ယနေ့တွင် နေပြည်တော်ရှိ သက်ဆိုင်ရာအားကစားရုံများ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်ကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ✪

### မြန်မာစာဘာသာရပ်ဆိုင်ရာ သိကောင်းစရာပါရှိ

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများအတွက် အထောက်အကူပြုစေရန် မြန်မာစာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၆ နှင့် ၁၇ တွင် ဖော်ပြထားပါသည်။

### ယနေ့ ဖတ်စရာ


**အလှူ့ဒါန**
ဆောင်းပါး စာမျက်နှာ » ၈

**နိုင်ငံတကာ ဖိတ်ခေါ်ပြိုင်ပွဲတွေ သွားရောက်ယှဉ်ပြိုင်ဖို့ ဒီနေရာကနေ ကစားသမားတွေ ရွေးချယ်တာလည်းဖြစ်ပါတယ်။ ဒီလိုကျင်းပခြင်းအားဖြင့် လူငယ်တွေရဲ့ ကာယပိုင်းဆိုင်ရာ၊ ဉာဏပိုင်းဆိုင်ရာ တိုးတက်မှုရရှိစေမှာ ဖြစ်ပါတယ်**
တွေ့ဆုံမေးမြန်း စာမျက်နှာ » ၁၂





# နိုင်ငံ့ဂုဏ်ဆောင်၊ နိုင်ငံ့အားမာန် အမျိုးသားအားကစားပွဲတော်

နိုင်ငံတော်၏ဂုဏ်သိက္ခာနှင့် အမျိုးသားတို့၏ မျိုးချစ်စိတ်ဓာတ်ထက်သန်မှု၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိမှု၊ စည်းလုံးညီညွတ်မှု၊ အမျိုးသားရေးစိတ်နှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုများနှင့်အတူ တည်ငြိမ်အေးချမ်းမှုကို ထုတ်ဖော်ပြသနိုင်သည့် ၂၀၂၄ ခုနှစ် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးကို ဒီဇင်ဘာလ ၉ ရက်နေ့မှ ၂၀ ရက်နေ့အထိ ခမ်းနားထည်ဝါအောင်မြင်စွာဖြင့် ကျင်းပနိုင်ခဲ့ပြီဖြစ်သည်။

အမျိုးသားအားကစားပွဲတော်ကြီးကို အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းဖြင့် "နိုင်ငံတော်၏ အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရေး၊ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်ပြီး အောင်မြင်မှုရရှိစေရေး၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် အဆင့်မီအားကစားသမားများနှင့် အလားအလာရှိသည့် လူငယ်မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရေး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၊ ဝန်ကြီးဌာနများအကြား အချင်းချင်းချစ်ကြည်ရင်းနှီးမှုရရှိပြီး အားကစားလှုပ်ရှားမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်လာစေရေးနှင့် ပြည်သူတစ်ရပ်လုံး အားကစားကို ပိုမိုစိတ်ဝင်စားလာပြီး အားကစားလှုပ်ရှားမှုများတွင် ပါဝင်လှုပ်ရှားလာစေရေး" ရည်ရွယ်ချက်များကို အကောင်အထည်ဖော် အထောက်အကူပြုနိုင်ခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် အမျိုးသားအားကစားပွဲတော်များကို ၁၉၈၂ ခုနှစ်၊ ၁၉၈၄ ခုနှစ်၊ ၁၉၈၇ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တို့တွင် လေးကြိမ် ကျင်းပပေးခဲ့ပြီးဖြစ်သည်။ ခေတ်အဆက်ဆက်တွင် တိုင်းရင်းသားညီအစ်ကိုမောင်နှမ လက်ရွေးစင်အားကစားသမားများသည် ယခုကဲ့သို့ပြည်တွင်းအားကစားပြိုင်ပွဲများတွင်သာမက နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်ပေါင်းများစွာ ဆွတ်ခူးခဲ့ကြပြီးဖြစ်သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို တိုင်ထိပ်တွင်လွှင့်ထူပြီး ဂုဏ်ယူခဲ့ကြပြီးဖြစ်သည်။ မြန်မာနိုင်ငံတော်အလံကို တိုင်ထိပ်အရောက်လွှင့်ထူနိုင်ခဲ့ကြသည့် အားကစားအောင်မြင်မှုများသည် နိုင်ငံသူ နိုင်ငံသားများအားလုံးကို ခွန်အားများတက်စေပြီး နိုင်ငံ့ဂုဏ်သိက္ခာမြင့်မားထည်ဝါမှုကို မြှင့်တင်ပေးခြင်းဖြစ်သည့်အတွက် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေးတွင် နိုင်ငံသားအားလုံး ယခုထက်ပိုမိုတက်ကြွစွာ ပါဝင်ကြရမည်ဖြစ်သည်။

အားကစားနှင့်ပတ်သက်သည့် ခံယူချက်များတွင် "အားကစားမြှင့်တင်တည်ဆောက်ခြင်းသည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်နေခြင်းဖြစ်သည်" ဟူသည့် ခံယူချက်သည် အမြင့်မားဆုံးဖြစ်၍ အားကစားပြိုင်ပွဲများမှ ရရှိလာသောစိတ်ဓာတ်ခွန်အားများဖြင့် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။ လူတိုင်းလူတိုင်းဘဝတွင် အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့ကြသည့်အခါတွင် အနိုင်မခံ အရှုံးမပေးသည့်စိတ်ဓာတ်၊ မိမိကိုယ်မိမိ ယုံကြည်ရဲရင့်သည့်စိတ်ဓာတ်နှင့် ရင်ဆိုင်ကျော်လွှားနိုင်သည့်စိတ်ဓာတ်များအား အားကစားပြိုင်ပွဲမှ ရရှိခဲ့ကြသည်ကို လက်တွေ့ကြုံတွေ့ကြရပြီဖြစ်၍ အဆိုပါစိတ်များဖြင့် မိမိအကျိုး၊ နိုင်ငံတော်အကျိုးအတွက် ရဲဝံ့စွန့်စားစွာ ဆက်လက်မွေးမြူ ဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ထူးချွန်အားကစားသမားများ ပေါ်ထွက်လာရေးအတွက် လူထုအားကစားအဆင့်မှ အမျိုးသားအားကစားအဆင့်အထိ အဆင့်ဆင့်အကောင်အထည်ဖော်လျက်ရှိသောကြောင့် ကျောင်းသားလူငယ်များ၊ မသန်စွမ်းသူများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံး ပါဝင်ဆောင်ရွက်ကြရန် လိုအပ်သည်။ ယနေ့အချိန်တွင် အားကစားကဏ္ဍကို စဉ်ဆက်မပြတ် မြှင့်တင်အားပေးဆောင်ရွက်နေသောကြောင့် နိုင်ငံတော်၏ အားကစားအဆင့်အတန်းသည် ပြန်လည်ဦးမော့လာပြီဖြစ်သကဲ့သို့ အောင်မြင်တိုးတက်မှုများလည်း အထိုက်အလျောက်ရရှိနေပြီဖြစ်သည်။ ထိုအောင်မြင်မှုများကို ကျေနပ်နေ၍မရဘဲ ယခုထက် ပိုမိုတိုးတက်အောင်မြင်အောင်၊ အတိတ်က အားကစားကဏ္ဍတွင် ရွှေရောင်လွှမ်းခဲ့သလို အောင်မြင်မှုများရရှိအောင်၊ နိုင်ငံတကာအလယ်တွင် မြင့်မြင့်မားမားရပ်တည်နိုင်အောင် "မြန်မာ့အားကစား ကမ္ဘာကို လွှမ်းရမည်"ဆိုသည့် ရည်မှန်းချက်ကို ဆက်လက်ဖော်ဆောင်ကြရမည် ဖြစ်သည်။

အားကစားဆောင်ရွက်ခြင်းသည် မျိုးချစ်စိတ်ဓာတ်၊ တိုင်းပြည်ချစ်စိတ်ဓာတ်များနှင့် အမျိုးသားရေးစရိုက်လက္ခဏာများကို ရှင်သန်ထက်မြက်စေပြီး တစ်မျိုးသားလုံးနိုးကြားရှင်သန်မှုကို အထောက်အကူပြုလျက်ရှိသည်။ အားကစားမောင်မယ်များသည် အားကစားစိတ်ဓာတ်အပြည့်ဖြင့် အနိုင်ရရှိရေး ရေကုန်ရေခန်းကြိုးပမ်းယှဉ်ပြိုင်ခဲ့ကြသဖြင့် အမျိုးသားအားကစားပွဲတော်ကြီးမှတစ်ဆင့် နိုင်ငံ့လက်ရွေးစင်အားကစားသမားများ ပေါ်ထွက်လာပြီး နိုင်ငံတကာအလယ်တွင် နိုင်ငံ့ဂုဏ်ကို မြင့်မားတိုးတက်လာအောင် ဖော်ဆောင်နိုင်လိမ့်မည်ဟု ယုံကြည်သည်။

သို့ဖြစ်ရာ အမျိုးသားအားကစားပွဲတော်ကြီးကို ဂုဏ်ယူဝင့်ကြွား မြင့်မားထည်ဝါစွာ အောင်အောင်မြင်မြင် ကျင်းပနိုင်ခဲ့ခြင်းသည် အားကစားကဏ္ဍကို မြင့်မားတိုးတက်စေသည်သာမက အားကစားမှပေါ်ထွက်လာသည့် စည်းလုံးညီညွတ်မှု၊ ချစ်ကြည်ရင်းနှီးမှု၊ အားမာန်တက်ကြွမှု၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ရှင်သန်ထက်မြက်မှုများဖြင့် နိုင်ငံ့အကျိုးကို တိုးတက်ဖော်ဆောင်ကြရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် လက်နက်ကိုင်ပဋိပက္ခများနှင့် သဘောထားကွဲလွဲမှုများကို ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ထိန်းသိမ်းရေး။

၃။ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ပေါ်လာစေရေးအတွက် တရားမျှတသော၊ သိက္ခာရှိသော၊ နည်းလမ်းကျန မှန်ကန်မှုရှိသော အထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေး။

၄။ ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်သူလူထုတစ်ရပ်လုံး၏ "စုပေါင်းအား"ဖြင့် ဆောင်ရွက်ရေး။

၅။ "ရှေ့သို့ချီမည် ပန်းတိုင်ဆီ" ဆိုသည့် ဆောင်ပုဒ်အတိုင်း နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ အမျိုးသားရေး စရိုက်လက္ခဏာနှင့် အမျိုးသားစိတ်ဓာတ်မြှင့်တင်ရေးတို့အတွက် ခိုင်မာသည့် ဇွဲ၊ လုံ့လ၊ ဝီရိယထားပြီး စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဖော်ဆောင်ရေး။

## မဟာဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပမည်

နေပြည်တော် ဒီဇင်ဘာ ၁၉

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပသည့် ၂၀၂၄ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲတွင် အောင်မြင်ခဲ့သော အစိုးရဓမ္မာစရိယအထူးအောင် သုံးပါး၊ ပါဠိဂုဏ်ထူးအောင် ခြောက်ပါး၊ မြန်မာဂုဏ်ထူးအောင် သုံးပါး၊ အစိုးရဓမ္မာစရိယသုံးကျမ်းအောင် ၁၄၄၃ ပါး၊ ပါဠိပထမပြန်အထူးအောင် ၁၆ ပါး၊ နိကာယ်အထူးအောင် ၁၃ ပါး၊ မဟာဝိဒူအောင် ၁၅ ပါး၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်အထူးအောင် ကိုးဦးတို့အား ဘွဲ့တံဆိပ်တော်များနှင့် အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းသည့် မဟာဘွဲ့နှင်းသဘင် အခမ်းအနားကို ၁၃၈၆ ခုနှစ် တပို့တွဲလပြည့်ကျော် ၂ ရက် ( ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်) သောကြာနေ့ မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာမဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ကျင်းပမည်ဖြစ်သည်။

အဆိုပါ မဟာဘွဲ့နှင်းသဘင်အခမ်းအနားသို့ အချိန်မီကြွရောက်ရန် သက်ဆိုင်ရာအထူးအောင်ပုဂ္ဂိုလ်များနှင့် ပင့်သံဃာတော်များကို ပင့်စာများပေးပို့ဆက်ကပ်ပင့်ဆောင်မည်ဖြစ်သည်။ ပင့်စာများကို အချိန်မီမရရှိပါကလည်း ကြွရောက်တော်မူကြပါရန်နှင့် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်မှစ၍ ရုံးချိန်အတွင်း ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ သာသနာရေးဦးစီးဌာန စာမေးပွဲဌာနခွဲသို့ ဆက်သွယ်သတင်းပေးပို့ကြပါရန် သာသနာရေးဦးစီးဌာနက ပင့်လျှောက်ထားကြောင်း သိရသည်။

သတင်းစဉ်

## သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၉ - ၁၂ - ၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၂၀၀ | ၈,၄၀၀ | ၅၄၂ | ၄,၄၆၁,၄၀၀ |
| MTSH | ၃,၁၀၀ | ၃,၁၀၀ | ၁,၀၃၇ | ၃,၂၁၄,၇၀၀ |
| MCB | ၈,၂၀၀ | ၈,၄၀၀ | ၁၁ | ၉၀,၄၀၀ |
| FPB | ၁,၉၅၀ | ၁,၉၅၀ | ၁၀၁ | ၁၉၆,၉၅၀ |
| TMH | ၃,၀၀၀ | ၃,၀၀၀ | ၃ | ၉,၀၀၀ |
| EFR | ၁,၆၅၀ | ၁,၇၀၀ | ၇၂၀ | ၁,၁၉၉,၂၅၀ |
| AMATA | ၄,၂၀၀ | ၄,၅၀၀ | ၈၉၇ | ၃,၇၆၈,၉၀၀ |
| MAEX | ၃,၂၅၀ | ၃,၁၀၀ | ၃၇ | ၁၁၇,၀၀၀ |
| MADPL(PLB) | ၃,၀၀၀ | ၃,၀၀၀ | ၅၈၇ | ၁,၇၆၁,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ
စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



ပုဂံရှုခင်း ဓာတ်ပုံ - ကျော်မျိုးသီဟ(ပြန်/ဆက်)

**ဒီမိုကရေစီယဉ်ကျေးမှုဆိုတာ လူတစ်ဦးချင်း (သို့မဟုတ်) အဖွဲ့လိုက်ရဲ့ လိုအင်ဆန္ဒတွေကို ပဋိပက္ခလုပ်မှု၊ အကြမ်းဖက်ဖော်ဆောင်မှုတွေက ရှောင်ရှားပြီး ငြိမ်းချမ်းတဲ့နည်းနဲ့ ဖော်ဆောင်ခြင်းဖြစ်တယ်ဆိုတာကို အမြဲနှလုံးသွင်း ဆောင်ရွက်ကြဖို့လိုပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၁၅-၁၀-၂၀၂၄ ရက်၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၉)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသည့် အလွတ်သဘောညှိနှိုင်းဆွေးနွေးပွဲ တက်ရောက်




**နေပြည်တော် ဒီဇင်ဘာ ၁၉**

ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မာရစ်ဆတ်ငီရမ်ဖုန်၏ ဖိတ်ကြားချက်အရ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ယနေ့ကျင်းပသည့် မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယ၊ လာအိုနှင့် ထိုင်းနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ၏ အလွတ်သဘော ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်သည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

အဆိုပါ အလွတ်သဘောညှိနှိုင်းဆွေးနွေးပွဲအတွင်း တက်ရောက်လာကြသော နိုင်ငံခြားရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် ကိုယ်စားလှယ်များသည် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုများ တိုက်ဖျက်နှိမ်နင်းရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ဆွေးနွေးပွဲအတွင်း နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို တက်ရောက်လာကြသည့်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များအား ရှင်းလင်းပြောကြားသည်။

**တည်ခင်းဧည့်ခံ**

အိမ်ရှင်ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မာရစ်ဆတ်ငီရမ်ဖုန်က ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များကို ဗန်ကောက်မြို့ရှိ Capella ဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ဒီဇင်ဘာ ၁၈ ရက် မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ စွန်းဝေတုန်းနှင့်လည်းကောင်း၊ ညနေ ၅ နာရီတွင် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ကြားဖြတ်အစိုးရအဖွဲ့ နိုင်ငံခြားရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ် မစ္စတာ မိုဟာမက်တိုဟိဒ်ဟူစိန်နှင့်လည်းကောင်း၊ ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ထောင်ဆာဗန် ဖုန်ဗီဟေးနှင့်လည်းကောင်း၊ မွန်းလွဲ ၂ နာရီခွဲတွင် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန နိုင်ငံခြားရေးအတွင်းဝန် မစ္စတာ ဗစ်ခရမ် မစ်ဆရီနှင့်လည်းကောင်း၊ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ သီးခြားဆွေးနွေးပွဲတစ်ရပ် တက်ရောက်ရန်ရောက်ရှိနေသည့် ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အန်ရစ် အေ မန်နလိုနှင့် ညနေ ၅ နာရီ ၁၅ မိနစ်တွင်လည်းကောင်း ဗန်ကောက်မြို့ရှိ Capella ဟိုတယ်၌ သီးခြားစီ တွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းများ တားဆီးနှိမ်နင်းရေးတို့တွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းမှု ထိန်းသိမ်းရန်အတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုတိုးမြှင့်ရေးနှင့် နှစ်နိုင်ငံအကြား ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး စသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် ထိုင်းနိုင်ငံမှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မွန်ပြည်နယ်အတွင်းရှိ မွန်၊ ကရင်၊ ပအိုဝ်း၊ ဗမာ စာပေနှင့်ယဉ်ကျေးမှုကော်မတီများ တွေ့ဆုံပွဲကျင်းပ




**မော်လမြိုင် ဒီဇင်ဘာ ၁၉**

မွန်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးခင်မောင်ဦး ဦးဆောင်၍ မွန်ပြည်နယ်အတွင်းရှိ မွန်၊ ကရင်၊ ပအိုဝ်း၊ ဗမာ စာပေနှင့် ယဉ်ကျေးမှုကော်မတီများ တွေ့ဆုံပွဲ (၂/၂၀၂၄) အခမ်းအနားကို ဒီဇင်ဘာ ၁၈ ရက် နံနက်ပိုင်းက မော်လမြိုင်မြို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်နယ်ညွှန်ကြားရေးမှူးရုံး၌ ကျင်းပရာ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနနှင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ မွန်၊ ကရင်၊ ပအိုဝ်း၊ ဗမာ စာပေနှင့် ယဉ်ကျေးမှုကော်မတီများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မွန်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးက အဖွင့်အမှာစကားနှင့် လမ်းညွှန်ချက်များကို ရှင်းလင်းပြောကြားပြီး စာပေနှင့် ယဉ်ကျေးမှု တိုင်းရင်းသားရေးရာကိစ္စရပ်များ တင်ပြခဲ့မှုအပေါ် သက်ဆိုင်ရာဌာနများက ဖြည့်စွက်ရှင်းလင်းခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အသင်းအား တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းအား တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်စဉ်။

❂ ရွှေဖုံးမှ

နံနက်ပိုင်းတွင် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း(B)ရုံ၌ ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဝင် ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ရာပြည့်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြ၊ အားကစားသမားများ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် ဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များသည် တက်ရောက်လာကြသူများနှင့်အတူ အမျိုးသမီးဘော်လီဘော ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ကာကွယ်ရေးဝန်ကြီးဌာန အသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ အမျိုးသားဘော်လီဘောဗိုလ်လုပွဲ ပွဲစဉ်အဖြစ် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြရာ အမျိုးသမီးပွဲစဉ်တွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ အမျိုးသားပွဲစဉ်တွင် အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာနအသင်းက ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို သုံးပွဲ – တစ်ပွဲဖြင့် လည်းကောင်း အနိုင်ရရှိကြသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးက အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် တတိယဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အသင်းအားလည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်က အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် တတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းအား လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီက အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းအား လည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်ကြသည်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးဝဏ္ဏမောင်လွင် အမျိုးသား ပိုက်ကျော်ခြင်း လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထဲရေး ဝန်ကြီးဌာနအသင်းအား တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်စဉ်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းအားလည်းကောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာန အသင်းအားလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အသင်းအားလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်ကြသည်။

အလားတူ ဝန်ကြီးဌာနအဆင့် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်ကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း(A)ရုံ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဦးဝဏ္ဏမောင်လွင်နှင့် ဒေါက်တာဘရှေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန စာမျက်နှာ ၅ သို့ ❂




ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများသို့ လာရောက်ကြည့်ရှုကြသူများအား တွေ့ရစဉ်။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင် အမျိုးသား ၆၅ ကီလိုတန်း ဆန်းဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကရင်ပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာဘရှေ အမျိုးသား သုံးယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းအား တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်စဉ်။

❂ စာမျက်နှာ ၄ မှ

ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြ၊ အားကစားသမားများ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် ဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များသည် တက်ရောက်လာကြသူများနှင့်အတူ အမျိုးသားပိုက်ကျော်ခြင်း လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ပြည်ထဲရေးဝန်ကြီးဌာန အသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြရာ ပြည်ထဲရေးဝန်ကြီးဌာန အသင်းက ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့် အနိုင်ရရှိသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က အမျိုးသား နှစ်ယောက်တွဲအဖွဲ့လိုက် ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန အသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာဘရှေက အမျိုးသား သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ဆောက်လုပ်ရေး ဝန်ကြီးဌာန အသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် ဦးဝဏ္ဏမောင်လွင်က အမျိုးသား လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်ကြသည်။

ထို့အတူ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အမျိုးသား၊ အမျိုးသမီး အသက် ၂၃ နှစ်အောက် ဝူရှူး ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကို နေပြည်တော်ရှိ ရွှေကြာပင် အားကစားရုံ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် မန်းငြိမ်းမောင်နှင့် ဒေါက်တာမှုထန်၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော် ကောင်စီဝင်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးတို့မှ လူမှုရေးရာဝန်ကြီးများနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး၊ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ တက်ရောက် ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များသည် တက်ရောက် လာကြသူများနှင့်အတူ ဝူရှူးပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များအနက်မှ အမျိုးသား ၆၅ ကီလိုတန်း ဆန်းဆိုပြိုင်ပွဲတွင် ကရင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ အမျိုးသား ၇၀ ကီလိုတန်း ဆန်းဆိုပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြရာ အမျိုးသား ၆၅ ကီလိုတန်း ဆန်းဆိုပြိုင်ပွဲတွင် ကရင်ပြည်နယ်က စစ်ကိုင်းတိုင်းဒေသကြီးအားလည်းကောင်း၊ အမျိုးသား ၇၀ ကီလိုတန်း ဆန်းဆိုပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်က ကရင်ပြည်နယ်ကိုလည်းကောင်း အနိုင်ရရှိခဲ့သည်။

ယင်းနောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ မွန်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောကြည်နိုင်က အမျိုးသမီး (ကျန့်စု+ချန်းစု) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်က အမျိုးသား (နန်းသောင်း + နန်းကွန့်) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်က အမျိုးသမီး (နန်းသောင်း+နန်းကွန့်) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ကရင်ပြည်နယ်နှင့် တတိယဆုရရှိသည့် ချင်းပြည်နယ် အသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ ချင်းပြည်နယ် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးနေလင်းအောင်က အမျိုးသား (သွေ့လျန့်) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မကွေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မွန်ပြည်နယ်နှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်က အမျိုးသမီး (သွေ့လျန့်) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေး တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက အမျိုးသမီး ၄၈ ကီလိုတန်း ဆန်းဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် ချင်းပြည်နယ်နှင့် ကချင်ပြည်နယ် အသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းက အမျိုးသမီး ၅၂ ကီလိုတန်း ဆန်းဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့် ကရင်ပြည်နယ်နှင့် ကချင်ပြည်နယ် အသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်ကြသည်။ **စာမျက်နှာ ၆ သို့** ❂

## ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်အလိုက် ၁၉-၁၂-၂၀၂၄ ရက်နေ့ထိ ဆုရရှိမှုအခြေအနေ

| စဉ် | ပြည်နယ်နှင့် တိုင်းဒေသကြီး | ဆုရရှိမှု | | | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ရွှေ | ငွေ | ကြေး | စုစုပေါင်း | |
| ၁ | ရန်ကုန် | ၆၈ | ၄၂ | ၃၉ | ၁၄၉ | |
| ၂ | ရှမ်း | ၂၇ | ၃၂ | ၄၁ | ၁၀၀ | |
| ၃ | မန္တလေး | ၂၅ | ၂၆ | ၃၉ | ၉၀ | |
| ၄ | စစ်ကိုင်း | ၂၁ | ၂၀ | ၂၁ | ၆၂ | |
| ၅ | ကချင် | ၁၆ | ၁၁ | ၂၂ | ၄၉ | |
| ၆ | တနင်္သာရီ | ၁၅ | ၆ | ၁၁ | ၃၂ | |
| ၇ | ဧရာဝတီ | ၁၄ | ၂၄ | ၂၉ | ၆၇ | |
| ၈ | မကွေး | ၁၄ | ၁၃ | ၂၀ | ၄၇ | |
| ၉ | ပဲခူး | ၉ | ၂၀ | ၂၇ | ၅၆ | |
| ၁၀ | ကရင် | ၈ | ၁၁ | ၃၁ | ၅၀ | |
| ၁၁ | နေပြည်တော် | ၇ | ၅ | ၁၁ | ၂၃ | |
| ၁၂ | ရခိုင် | ၅ | ၁၁ | ၁၆ | ၃၂ | |
| ၁၃ | မွန် | ၅ | ၁၀ | ၁၀ | ၂၅ | |
| ၁၄ | ချင်း | ၃ | | ၉ | ၁၂ | |
| ၁၅ | ကယား | ၁ | ၇ | ၅ | ၁၃ | |
| | စုစုပေါင်း | ၂၃၈ | ၂၃၈ | ၃၃၁ | ၈၀၇ | |

## ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအလိုက် အားကစားပြိုင်ပွဲ ၁၉-၁၂-၂၀၂၄ ရက်နေ့ထိ ဆုရရှိမှုအခြေအနေ

| စဉ် | ဝန်ကြီးဌာန | ဆုရရှိမှု | | | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ရွှေ | ငွေ | ကြေး | စုစုပေါင်း | |
| ၁ | ကာကွယ်ရေးဝန်ကြီးဌာန | ၁၄ | ၁၀ | ၁၀ | ၃၄ | |
| ၂ | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန | ၁၂ | ၇ | ၉ | ၂၈ | |
| ၃ | ပြည်ထဲရေးဝန်ကြီးဌာန | ၁၀ | ၁၀ | ၁၀ | ၃၀ | |
| ၄ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၇ | ၁၂ | ၈ | ၂၇ | |
| ၅ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ၃ | ၂ | ၁ | ၆ | |
| ၆ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန | ၁ | ၃ | ၁ | ၅ | |
| ၇ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန | ၁ | ၂ | ၃ | ၆ | |
| ၈ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန | | | ၁ | ၁ | |
| ၉ | တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | ၁ | | | ၁ | |
| ၁၀ | ပညာရေးဝန်ကြီးဌာန | ၁ | | | ၁ | |
| ၁၁ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | | ၃ | | ၃ | |
| ၁၂ | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | | ၁ | | ၁ | |
| ၁၃ | အလုပ်သမားဝန်ကြီးဌာန | | | ၃ | ၃ | |
| ၁၄ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | | | ၁ | ၁ | |
| ၁၅ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | | | ၁ | ၁ | |
| ၁၆ | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | | | ၁ | ၁ | |
| ၁၇ | သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | | | ၁ | ၁ | |
| | စုစုပေါင်း | ၅၀ | ၅၀ | ၅၀ | ၁၅၀ | |

❂ စာမျက်နှာ ၅ မှ

ထို့နောက် အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်က အမျိုးသမီး ၆၀ ကီလိုတန်း ဆန်းဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် ချင်းပြည်နယ်၊ ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူက အမျိုးသား ၄၈ ကီလိုတန်း ဆန်းဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ကရင်ပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် ချင်းပြည်နယ်နှင့် မန္တလေးတိုင်း ဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က အမျိုးသား ၅၂ ကီလိုတန်း ဆန်းဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာမှုထန် အမျိုးသား ၅၆ ကီလိုတန်း ဆန်းဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ပြိုင်ပွဲဝင်တစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။

အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာမှုထန်က အမျိုးသား ၅၆ ကီလိုတန်း ဆန်းဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့် ကရင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ အမျိုးသား ၆၀ ကီလိုတန်း ဆန်းဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ကယားပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင်က အမျိုးသား ၆၅ ကီလိုတန်း ဆန်းဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကရင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ အမျိုးသား ၇၀ ကီလိုတန်း ဆန်းဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒုတိယဆုရရှိသည့် ကရင်ပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်ကြသည်။

အလားတူ ဝန်ကြီးဌာနအဆင့် အမျိုးသားဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်ကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်ရုံ၌ ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြ၊ အားကစားသမားများ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် ဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသူများသည် ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနအသင်းနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြပြီး သာမန်ပွဲကစားချိန် မိနစ် ၄၀ နှင့် အချိန်ပို ၁၀ မိနစ် ယှဉ်ပြိုင်ကစားကြရာ တစ်ဖက် သုံးဂိုးစီ သရေရလဒ် ထွက်ပေါ်သဖြင့် ပင်နယ်တီ အဆုံးအဖြတ်တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရဝန်ကြီးဌာန အသင်းက စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက အမျိုးသားဖူဆယ်ပြိုင်ပွဲတွင် တတိယဆုရှိသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းအား လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က ဒုတိယဆုရရှိသည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အသင်းအားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ပထမဆုရရှိသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အသင်းအားလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်ကြသည်။

သတင်းစဉ်

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများ ယှဉ်ပြိုင်မှုမြင်ကွင်း



ဝန်ကြီးဌာနအဆင့် အမျိုးသားဘော်လီဘော ဗိုလ်လုပွဲစဉ်တွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ဓာတ်ပုံ - မျိုးထက်



ဝန်ကြီးဌာနအဆင့် အမျိုးသမီးဘော်လီဘော ဗိုလ်လုပွဲစဉ်တွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ဓာတ်ပုံ - မျိုးထက်




ဝန်ကြီးဌာနအဆင့် အမျိုးသားလေးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ဓာတ်ပုံ - မျိုးထက်



တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် အမျိုးသား ၆၅ ကီလိုတန်း ဆန်းဆိုပြိုင်ပွဲတွင် ကရင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ကစားကြစဉ်။






ဝန်ကြီးဌာနအဆင့် အမျိုးသားဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည့် ပရိသတ်များအား တွေ့ရစဉ်။

# အလှူဒါန

ခင်မြတ်လေး

မြန်မာနိုင်ငံသည် ယဉ်ကျေးမှုထွန်းကားသော နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့ သဒ္ဓါတရားထက်သန်စွာဖြင့် အလှူဒါနများပြုကြမှုကို "အလှူဒါန ပြုကြသူငါ၊ အလှူရေစက် လက်နှင့်မကွာ"ဟု လုပစ္စာ သုံးနှုန်းတင်စားထားပါသည်။ ဒါနဆိုသည်မှာ ပေးကမ်းခြင်း၊ စွန့်ကြဲခြင်း ဖြစ်ပါသည်။ အလှူကြီး အတန်းကြီးလှူမှ၊ ဘုန်းကြီးကျောင်းလှူမှ ဒါနဟုသတ်မှတ်ခြင်းမဟုတ်။ အိမ်နီးနားချင်း စားစရာပို့ခြင်း၊ လက်ဆောင်ပေးခြင်းကအစ အကုန်လုံး ဒါနဖြစ်ပါသည်။

## မြန်မာနိုင်ငံရှိ ရိုးရာပွဲတော်များ

ရှေးခေတ်မြန်မာတို့၏ ဘာသာရေး၊ လူမှုရေး၊ နိုင်ငံရေး၊ ပညာရေးစသည်တို့ကို အခြေခံ၍ ပေါ်ပေါက်လာသော **"ဆယ့်နှစ်လရာသီ ရိုးရာပွဲတော်များ"**ကို မြန်မာပြက္ခဒိန်ဖြင့် သတ်မှတ်လေ့ရှိသည်။ အဆိုပါ ပွဲတော်များသည် မြန်မာလူမျိုးတို့ အစဉ်အဆက် ထိန်းသိမ်းလာခဲ့သော ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများလည်းဖြစ်သည်။ ယဉ်ကျေးမှုပွဲတော်များကျင်းပခြင်းဖြင့် စွယ်စုံပညာရှင်များ ပေါ်ထွန်းလာစေနိုင်ခြင်း၊ ဘာသာ သာသနာ ထွန်းကားပြန့်ပွားလာစေခြင်း၊ နိုင်ငံတော် တိုးတက်သာယာစေခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိစေနိုင်ပါသည်။

မြန်မာနိုင်ငံတွင် ဆယ့်နှစ်လရာသီအတွက် အမျိုးသားပွဲတော် ဆယ့်နှစ်မျိုး ဆယ့်နှစ်စားရှိသည်။ ဤကိုရည်၍ ဘိုးတော်ဘုရားလက်ထက်အခါက အမတ်သရေသင်္ခယာသည် သာဓိနပျို့အပိုဒ် ၃၀ တွင် ဤသို့အကျဉ်းချုပ်ဖွဲ့ဆိုလေသည်။

သင်္ကြန်တာကူး(၁)၊ နှစ်ဦးညောင်ရေ(၂)၊ စာပေလှေခင်း(၃)၊ ပဉ္စင်းတော်ခံ(၄)၊ စာရေးတံ(၅) နှင့် မြစ်ယံပွဲကြီး(၆)၊ ဆီမီးထွန်းချိန်(၇)၊ ကထိန်(၈)၊ နတ်ကျင်း(၉)၊ မြင်းခင်း(၁၀)၊ ထွက်ဝင်၊ သဘင်မီးဖုံး(၁၁)၊ ဂူလုံးသဲပုံ(၁၂)၊ စေ့စုံစီလျဉ် ဤသို့ ယှဉ်သား၊ လစဉ်စမြဲ ဆယ့်နှစ်ပွဲ။

၁။ တန်ခူးမိဿ သင်္ကြန်မှတ် ရင်ခတ်ကံ့ကော်ပန်း။
၂။ ကဆုန်ပြိဿ စံကားဝါ နွေခါညောင်ရေသွန်း။
၃။ နယုန်မေထုန် မြတ်လေးငုံ အာဂုံစာပြန်ခန်း။
၄။ ဝါဆိုပုန်းညက် ကရကဋ် ဝါကပ်ရှင်ရဟန်း။
၅။ ဝါခေါင်သိဟ်မှာ ပန်းခတ္တာ သံဃာစာရေးတန်း။
၆။ ကန်တော်သလင်း ရင်းမာသင်း မြစ်တွင်းလှေစီးတန်း။
၇။ သီတင်းကျွတ်တူ မီးထွန်းလှူ ကြာဖြူကြာနီပန်း။
၈။ တန်ဆောင်ဖြိစ္ဆာ ကထိန်လျာ ရွှေဝါခဝဲပန်း။
၉။ ဓနုနတ္တော် နတ်ပွဲလှော် ပန်းတော်သဇင်ပန်း။
၁၀။ မကရပြာသို ပန်းခွာညို လူဗိုလ်မြင်းခင်းတန်း။
၁၁။ တပို့တွဲကုံ ပေါက်လဲငုံ မီးပုံယာဂုဆွမ်း။
၁၂။ တပေါင်းမိန်မည် သရဖီ စေတီသဲပုံမှန်း။

ထိုဆယ့်နှစ်လရာသီ ရိုးရာပွဲတော်များ အလိုက်လည်း **"သူ့လ၊ သူ့ရာသီ"**နှင့်အညီ အလှူဒါနများ ပြုလုပ်လေ့ရှိကြပါသည်။



တန်ခူးလ သင်္ကြန်ပွဲတော်ကာလအတွင်း စတုဒိသာအလှူ ကျွေးမွေးနေမှုကို တွေ့ရစဉ်။

### တန်ခူးလ = သင်္ကြန်ပွဲ

တန်ခူးလသည် မြန်မာလများအနက် ပထမဦးဆုံးလဖြစ်ပြီး မတ်လနှင့်ဧပြီလတို့တွင် ကျရောက်လေ့ရှိပါသည်။ မြန်မာ့နှစ်သစ်ကူးပွဲတော် **"သင်္ကြန်"**အား တန်ခူးလတွင် ကျင်းပသည်။ နှစ်သစ်ကူးပွဲဖြစ်သော ဤပွဲတော်အတွင်း၌ မြန်မာလူမျိုးတို့သည် နံ့သာရည်ဖြင့် တစ်ဦးနှင့်တစ်ဦး ပျော်ရွှင်စွာ သွန်းလောင်းကြသည်။ ရေသည် အေးမြခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်း၊ အညစ်အကြေးတို့ကို သန့်ရှင်းစေနိုင်ခြင်းတို့ကို ကိုယ်စားပြုခြင်းကြောင့် နှစ်ဟောင်းမှ အညစ်အကြေးတို့ကို စွန့်ပစ်ကာ နှစ်သစ်ကို အေးမြခြင်း၊ စိတ်ချမ်းမြေ့ခြင်းတို့ဖြင့် ကြိုဆိုသောအားဖြင့် တစ်ဦးနှင့်တစ်ဦး အတာရေ ပက်ဖျန်းကာ ကြိုဆိုလေ့ရှိကြသည်။ ရေကစားခြင်း အပြင် နောက်ထပ်ထူးခြားသည့် အကြောင်းအရာမှာ ရှေးယခင်မှစတင်၍ ယခုအချိန်ထိ ပြုလုပ်လာခဲ့ကြသည့် လူကြီးသူမများအား တရော်ကင်ပွန်းဖြင့် ခေါင်းလျှော် (ခေါင်းဆေးမင်္ဂလာ) ပြုလုပ်ပေးခြင်းနှင့် လက်သည်း ခြေသည်းညှပ်ပေးခြင်းဖြင့်လည်း ကုသိုလ်ပြုကြပါသည်။ အိမ်၊ လမ်း၊ ရပ်ကွက်များတွင်လည်း စုပေါင်း၍ မုန့်လုံးရေပေါ်နှင့် အခြားမုန့်အမျိုးမျိုးကို ပြုလုပ်၍ ကျွေးမွေးလှူဒါန်းခြင်းများလည်း ပြုလုပ်လေ့ရှိကြပါသည်။

"ဒါနမည်သည် ပုဗ္ဗ၊ မုဥ္စ၊ အပရ ဟူသော စေတနာသုံးမျိုး ပြည့်စုံအောင် ပြုစွမ်းနိုင်မှသာ ကြီးကျယ်မြင့်မြတ်သော အကျိုးကို ဖွံ့ဖြိုးစွာပေးနိုင်၏"ဟူ၍ အင်္ဂုတ္တိုရ် အဋ္ဌကထာ (သတ္တကနိပါတ်)တွင် မိန့်ဆိုထားပါသည်။ မလှူမီ၊ လှူဆဲနှင့် လှူပြီးကာလသုံးပါးတို့၌ဖြစ်သော ဤစေတနာသုံးတန်ထဲတွင် အလှူခံပုဂ္ဂိုလ်၏ လက်ဝယ်သို့ ပေးလှူနေဆဲဖြစ်သော မုဥ္စစေတနာက အရေးအပါဆုံး၊ အဓိကအကျဆုံးဖြစ်သည်။ မုဥ္စစေတနာကို သန္နိဋ္ဌာန်(ဆုံးဖြတ်သောစေတနာ) ဟု ကျမ်းဂန်များ၌ ခေါ်ဝေါ်သုံးနှုန်းပါသည်။ လူ့ပြည်၊ နတ်ပြည်တို့ကို ပို့ပေးနိုင်သော စေတနာဖြစ်ပါသည်။ စေတနာသုံးတန်၏ မြန်မာလိုအဓိပ္ပာယ်မှာ မလှူမီ လှူလိုစိတ်ပြင်းပြခြင်း၊ လှူဆဲ၌ စိတ်ကြည်လင်ခြင်း၊ လှူပြီးနောက် ဝမ်းမြောက်ကြည်နူးခြင်းတို့ဖြစ်

### ကဆုန်လ = ညောင်ရေသွန်းပွဲတော်

ကဆုန်လသည် မြန်မာလများတွင် ဒုတိယမြောက်လဖြစ်ပြီး ဧပြီလနှင့်မေလတွင် ကျရောက်လေ့ရှိပါသည်။ ဗုဒ္ဓဘာသာဝင်များ အလေးအမြတ်ထားသောလလည်း ဖြစ်ပါသည်။ မြတ်စွာဘုရား ဖွားမြင်တော်မူခြင်း၊ သဗ္ဗညုတဉာဏ်တော်ရှင်ဘုရားဖြစ်တော်မူခြင်းနှင့် ပရိနိဗ္ဗာန်စံတော်မူခြင်း စသည့် ဗုဒ္ဓဘာသာဝင်များအတွက် ထင်ရှားသောနေ့ဖြစ်သဖြင့် **"ဗုဒ္ဓနေ့"**ဟူ၍လည်း ခေါ်ဆိုကြသည်။

ဤပွဲတော်သည်ကား အပူရှိန်လွန်ကဲသောလဖြစ်သဖြင့် ရေပြတ်၍ခြောက်သွေ့နေသော ဘုရားပွင့်ရာ ဗောဓိညောင်ပင်ကို ရေသွန်းလောင်းပူဇော်သော ညောင်ရေသွန်းပွဲတော်ဖြစ်သည်။

ဗောဓိညောင်ပင်တွင် သဗ္ဗညုတဉာဏ်တော်ရရှိတော်မူခဲ့သော ဗုဒ္ဓမြတ်စွာဘုရားကို ရည်မှန်းအာရုံပြု၍ ပရိဘောဂစေတီထိုက်သော ဗောဓိညောင်ပင်ကို သန့်ရှင်းသောရေစင်ဖြင့် သွန်းလောင်းကြခြင်းဖြစ်သည်။

### နယုန်လ = စာပြန်ပွဲ

နယုန်လသည် မြန်မာလများတွင် တတိယလဖြစ်ပြီး မေလနှင့် ဇွန်လတို့တွင် ကျရောက်လေ့ရှိပါသည်။ ဒုတိယအင်းဝမင်းဆက် သာလွန်မင်းတရားကြီး ထီးနန်းစိုးစံစဉ်မှစပြီး သာသနာတော်ပြန့်ပွားရေး အထူးသဖြင့် ပရိယတ္တိသာသနာတော်ပြန့်ပွားရေး ရည်ရွယ်ချက်ဖြင့် စာပြန်ပွဲကို နယုန်လ၏ ရာသီပွဲတော်အဖြစ် ကျင်းပခဲ့ကြခြင်း ဖြစ်ပါသည်။ ထို့အပြင် ဗုဒ္ဓဘုရားရှင်မှ စကြဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာများအား မဟာသမယသုတ်ကို စတင်ဟောကြားသည့်နေ့ ဖြစ်သောကြောင့် နယုန်လပြည့်နေ့ကို မဟာသမယနေ့ဟု အထိမ်းအမှတ်ပြုထားပါသည်။

### ဝါဆိုလ = ဝါဆိုသင်္ကန်းကပ်လှူပွဲ

ဝါဆိုလသည် မြန်မာလများတွင် စတုတ္ထမြောက်လဖြစ်ပြီး ဇွန်လနှင့် ဇူလိုင်လတို့တွင် ကျရောက်လေ့ရှိပါသည်။ ဝါဆိုလ၏ ထူးခြားချက်မှာ ဝါဆိုလပြည့်နေ့မှစ၍ သီတင်းကျွတ်လပြည့်နေ့အထိ ရဟန်းသံဃာတို့သည် သုံးလတိုင် မည်သည့်အရပ်ကိုမျှ ညဥ့်အိပ်သွားရောက်ခြင်းမပြုဘဲ စတင်ပြီး ဝါဆိုဝါထပ် ပြုတော်မူသောလဖြစ်သည်။

ဝါတွင်းကာလအတွင်း ရဟန်းသံဃာတော်များ သင်္ကန်းအတွက် မပူပင်ရခြင်း၊ ပရိယတ်ပဋိပတ် စသည့် ရဟန်းအလုပ်များကို ချမ်းချမ်းသာသာ လုပ်နိုင်ခြင်း စသည့်အကျိုးများကို ရည်ရွယ်၍ ဝါဆိုလတွင် ထူးခြားမွန်မြတ်သည့်ကုသိုလ်အဖြစ် ဝါဆိုသင်္ကန်းကပ်လှူခြင်းစသည့် ကုသိုလ်ကောင်းမှုများကို ပြုလုပ်ကြပါသည်။

ထို့အပြင်ဗုဒ္ဓဘာသာဝင်လူငယ်လူရွယ်တို့သည် ဝါဆိုလတွင် ဖူးပွင့်ကြသည့် ပန်းများဖြင့် ဘုရားစေတီများတွင် သွားရောက်လှူဒါန်းခြင်း၊ မိမိတို့အိမ်ဘုရားတွင် ကပ်လှူပူဇော်ခြင်းစသည့် ကုသိုလ်ကောင်းမှုများကို ပြုလုပ်လေ့ရှိကြပါသည်။

### ဝါခေါင်လ = စာရေးတံမဲပြုလုပ်ပွဲ

ဝါခေါင်လသည် မြန်မာပြက္ခဒိန်အရ ငါးလမြောက်ဖြစ်ပြီး ဇူလိုင်လနှင့် ဩဂုတ်လတို့အတွင်း ကျရောက်လေ့ရှိသည်။ မိုးသည်းထန်စွာရွာသွန်းပြီး မြစ်ချောင်းများတွင် ရေများပြည့်လျှံနေလေ့ရှိသည့် မိုးဥတုဖြစ်ပါသည်။

ဗုဒ္ဓဘုရားရှင် သက်တော်ထင်ရှား ရှိစဉ်ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တပည့်ဒါယကာ ဒါယိကာမများက မိမိတို့သည်သံဃာတော်များအားကျောင်းတော်တွင် ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ တစ်ချိန်တည်း တစ်ပြိုင်တည်း ဆက်ကပ်ရန် အခက်အခဲရှိနေကြောင်း လျှောက်ထားရာ ဘုရားရှင်သည် သံဃာတော်များ၏ အမည်များကို မဲတံများပြုလုပ်ကာ လှူဒါန်းမည့် ပုဂ္ဂိုလ်အား ရွေးချယ်မဲနှိုက်စေပါသည်။

### တော်သလင်းလ = လှေသဘင်ပွဲ

မြန်မာတို့၏ ဆယ့်နှစ်လရာသီတွင် ခြောက်လမြောက်သော ဩဂုတ်လမှ စက်တင်ဘာလသည် တော်သလင်းလဖြစ်သည်။ နေနှင့်အနီးဆုံးဖြစ်သော အချိန်ဖြစ်၍ နေသာသောနေ့များ ဆက်တိုက်ဖြစ်ပေါ်တတ်သောကြောင့် **"တော်သလင်းနေ ပုဇွန်သေ"** ဟူသော ဆိုရိုးစကားလည်းရှိသည်။

ရှေးမြန်မာဘုရင်များ လက်ထက်တွင် လှိုင်းလေငြိမ်သက်ကာ ရာသီဥတုသာယာသောကြောင့် လှေသဘင်ပွဲကို ကျင်းပလေ့ရှိကြသည်။ လှေပြိုင်ပွဲကို ပျော်ပွဲရွှင်ပွဲအတွက်သာ ကျင်းပခြင်းမဟုတ်ဘဲ ဘုရင့်ရေတပ်မတော်၏ အရည်အချင်းများကို တိုးတက်စေရန်လည်း ရည်ရွယ်သည်။

### သီတင်းကျွတ်လ = သီတင်းကျွတ်မီးထွန်းပွဲတော်

သီတင်းကျွတ်လသည် မြန်မာလများအနက် ခုနစ်လမြောက်ဖြစ်ပြီး စက်တင်ဘာလမှ အောက်တိုဘာလတွင် ကျရောက်ပါသည်။

ဂေါတမမြတ်စွာဘုရားသည် တာဝတိံသာနတ်ပြည်သို့ သွားရောက်ကာ မယ်တော် မိနတ်သားနှင့် နတ်ဗြဟ္မာများအား ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာတရား ဟောကြားတော်မူပြီးနောက် လူ့ပြည်သို့ သီတင်းကျွတ်လပြည့်နေ့တွင် ပြန်လည်ကြွချီတော်မူလာချိန် ဖြစ်ပါသည်။

ရဟန်းတော်များအတွက် ရဟန်းများ ဝါကျွတ်သောနေ့၊ အပြစ်ရှိက ဝန်ချတောင်းပန်နိုင်ရန် အချင်းချင်းဖိတ်ကြားခြင်း အမှုပြုကြသော **"ပဝါရဏာနေ့"** ဖြစ်ပါသည်။

ထိုနေ့တွင် မိမိထက် အသက်ကြီးသူများနှင့် မိဘဆရာသမားများကို ဂါရဝပြုကန်တော့၍ အဆုံးအမများကို နာကြားကာ အပြစ်များရှိပါကလည်း ကျေစေသည်ဟု ယူဆသော ဓလေ့လည်းရှိသည်။

### တန်ဆောင်မုန်းလ = ကထိန်သင်္ကန်းကပ်လှူခြင်း

မြန်မာပြက္ခဒိန်၏ အဋ္ဌမမြောက်လဖြစ်ပြီး အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် ကျရောက်လေ့ရှိ၏။ ကထိန်ခင်းခြင်း၊ မသိုးသင်္ကန်းကပ်လှူခြင်း၊ ပုံ့သကူပစ်ခြင်း၊ ကြာပန်းများကပ်လှူခြင်း၊ ဆီမီးထွန်းခြင်း စသည့်ကောင်းမှုကုသိုလ်တို့ ပြုလုပ်သည်။

စာမျက်နှာ ၉ သို့ ☆

☆ စာမျက်နှာ ၈ မှ

တန်ဆောင်မုန်းလပြည့် ညဥ့်သန်းခေါင်ယံအချိန်တွင် မဲဇလီဖူးသုပ်စားခြင်းသည် ဆေးဖက်ဝင်သည့် အယူအဆ အလေ့အထလည်း ရှိပါသည်။

**နတ်တော်လ = စာဆိုတော်နေ့**

မြန်မာလများအနက် ကိုးလမြောက်သောလဖြစ်ပြီး နိုဝင်ဘာလမှ ဒီဇင်ဘာလတွင် ကျရောက်လေ့ရှိပါသည်။

ရှေးခေတ်အချိန်များတွင် ရာသီပွဲတော်မှာ နတ်ပူဇော်ခြင်းပွဲတော်ဖြစ်သည်။ ၁၉၄၄ ခုနှစ်တွင် စာပေအားဂုဏ်ပြုသည့် စာဆိုတော်ပွဲဖြစ်ပေါ်လာပါသည်။ နတ်တော်လဆန်း ၁ ရက်နေ့တွင် ကျင်းပလေ့ရှိပါသည်။

**ပြာသိုလ = မြင်းခင်းသဘင်ပွဲ**

မြန်မာလများတွင် ၁၀ လမြောက်ဖြစ်ပြီး ဒီဇင်ဘာလမှ ဇန်နဝါရီလအတွင်း ကျရောက်လေ့ရှိပါသည်။

ရှေးယခင်က တော်ဝင်မြန်မာ့တပ်မတော်၏ စစ်တပ်အင်အားကို ပြသသောကာလဖြစ်သည်။ မြန်မာဘုရင်များသည် မြင်းခင်းသဘင်ပွဲကို တစ်လလုံးကျင်းပစေသည်။ ယနေ့ခေတ်တွင်မူ ဘုရားပွဲများ ကျင်းပလေ့ရှိသည်။

**တပို့တွဲလ = ထမနဲထိုးပွဲ**

မြန်မာလများတွင် ၁၁ လမြောက်သောလဖြစ်ပြီး ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတွင် ကျရောက်လေ့ရှိသည်။

ကောက်ရိတ်သိမ်းချိန်ဖြစ်ပြီး ကောက်ညှင်း၊ နှမ်း၊ ဆီ၊ အုန်းသီး၊ မြေပဲ၊ ချင်း စသည်တို့ဖြင့် ထမနဲထိုးပွဲကို အများသူငါနှင့် စုပေါင်းပြုလုပ်၍ ကျင်းပဆင်နွှဲလေ့ရှိပါသည်။

ထမနဲပွဲတော်၏ အဓိပ္ပာယ်မှာ **"အားလုံးပေါင်းစည်းဆောင်ရွက်ကြခြင်း"**ပင် ဖြစ်သည်။

**တပေါင်းလ = သဲပုံစေတီတည်ပွဲတော်**

မြန်မာလများထဲတွင် ၁၂ လမြောက်ဖြစ်ပြီး နှစ်တစ်နှစ်၏ နောက်ဆုံးလဖြစ်ကာ ဖေဖော်ဝါရီလနှင့် မတ်လအတွင်း ကျရောက်လေ့ရှိသည်။ ဆောင်းတစ်ဝက် နွေတစ်ဝက်ဖြစ်၍ **"နေ့ပူလို့ ညချမ်း၊ တပေါင်းလသရမ်း"**ဟု ဆိုစမှတ်ပြုကြသည်။

တပေါင်းလအတွင်း မြစ်ချောင်းများ ရေစစ်ကာ သဲသောင်ဖြူဖြူလေးများ ပေါ်ထွန်းလာလေ့ရှိသည်။ ရှေးမြန်မာဘုရင်များလက်ထက်တွင် သောင်ခုံသဲပြင်များပေါ်တွင် သဲပုံစေတီများ တည်ထားလေ့ရှိကြသည်။ ယနေ့ခေတ်တွင် သဲပုံစေတီပွဲအားကျင်းပပြုလုပ်မှု လျော့နည်းလာပြီဖြစ်သည်။ တပေါင်းလအတွင်း ထူးခြားသည့်အချက်မှာ အထင်ရှားဆုံးဘုရားပွဲများ (ဥပမာ-ရွှေတိဂုံဘုရားပွဲ) ကျင်းပခြင်းဖြစ်သည်။

ဤကဲ့သို့ လစဉ်ပုံမှန်အလှူများ ပြုလုပ်လေ့ရှိကြသည့်အပြင် အဝတ်အထည်၊ အစားအသောက်၊ အသုံးအဆောင်ပစ္စည်း၊ အလှူငွေ စသည်ဖြင့် ဖြစ်ပေါ်လာသည့် အခြေအနေအလိုက် လှူဒါန်းမှုများရှိကြသလို တိရစ္ဆာန်ဘေးမဲ့လွှတ်ခြင်း၊ ငါးလွှတ်ခြင်း အလှူများလည်း ပြုလေ့ရှိကြပါသည်။ ထို့မျှမက ခန္ဓာကိုယ်မှ သွေးကိုလှူဒါန်းခြင်း၊ မျက်ကြည်လွှာအလှူ၊ ကျောက်ကပ်အလှူ စသည်တို့အထိ စေတနာသဒ္ဓါတရားထက်သန်စွာ လှူဒါန်းကြပါသည်။

**ဒါန**

**"ဒါနံ နာမ ပရံ ဥဒ္ဒိဿ သုဗုဒ္ဓိ ပုဗ္ဗိကာ အန္နာဒိဒသဒါနဝတ္ထု ပရိစ္စာဂ စေတနာ"** မြန်မာဘာသာဖြင့်ဆိုလျှင် ဒါနဆိုသည်မှာ သူတစ်ပါးအား ရည်ရွယ်၍ ကံ ကံ၏အကျိုးကို ယုံကြည်စွာဖြင့် ကမ္ဘာသကထာဉာဏ် ရှေ့သွားရှိသော စွန့်လှူကြောင်းစေတနာ၊ ထိုစေတနာအရ ပေးလှူခြင်းကို ဒါနဟုခေါ်သည်။ ဒါနဖြစ်မြောက်ရေးတွင် စေတနာသည် အကြောင်းရင်းဖြစ်သည့်အတွက် စေတနာကို ဒါနဟု ခေါ်ရမည်ဖြစ်သည်။ မြတ်စွာဘုရားအလောင်းတော်တို့သည် ပါရမီ ၁၀ ပါးတွင် ဒါနပါရမီကို အဦးဆုံး ဖြည့်တော်မူကြသည်။ ထို့ကြောင့် ဘုရားအလောင်းတို့၏ဒါနကို ပါရမီမြောက်သော ဒါနဟု ခေါ်ကြပါသည်။



တန်ဆောင်မုန်းလတွင် ကထိန်အလှူလှည့်လည်လာမှုကို တွေ့ရစဉ်။

**ဒါန၏ အင်္ဂါလေးပါး**

ဒါနမြောက်စေရေးအတွက် အလှူအင်္ဂါလေးပါးနှင့် ပြည့်စုံရန်လိုအပ်ပါသည်။ ယင်းတို့မှာ -

(၁) အလှူပေးပုဂ္ဂိုလ်၊
(၂) အလှူခံပုဂ္ဂိုလ်၊
(၃) လှူဖွယ်ဝတ္ထု၊
(၄) လှူလိုသော စေတနာတို့ ဖြစ်ကြသည်။

**ကမ္မပထမြောက်သော ဒါန**

ကမ္မပထမြောက်သော ဒါနဆိုသည်မှာ လူ့ဘုံ၊ နတ်ဘုံတို့၌ လူအဖြစ်၊ နတ်အဖြစ် ရစေနိုင်သည့် ပဋိသန္ဓေအကျိုးကို ပေးစွမ်းနိုင်သော ဒါနကုသိုလ်ကို ဆိုပါသည်။ မည်သည့်အလှူဒါနမဆို လှူဖွယ်ပစ္စည်း ပြည့်စုံမှု(ဒေယျဓမ္မသမ္ပဒါ)၊ အလှူခံပုဂ္ဂိုလ်၏ ပြည့်စုံမှု (ခေတ္တ သမ္ပဒါ)၊ စိတ်စေတနာ၏ ပြည့်စုံမှု (စိတ္တသမ္ပဒါ)ဆိုသော အချက်သုံးပါးညီညွတ်လျှင် အကျိုးပေးကြီးကျယ်သည်ဟု ကျမ်းဂန်များ၌ ဆိုထားပါသည်။

**စေတနာသုံးတန်**

**"ဒါနမည်သည် ပုဗ္ဗ၊ မုဥ္စ၊ အပရ ဟူသော စေတနာသုံးမျိုး ပြည့်စုံအောင် ပြုစွမ်းနိုင်မှသာ ကြီးကျယ်မြင့်မြတ်သောအကျိုးကို ဖွံ့ဖြိုးစွာပေးနိုင်၏"**ဟူ၍ အင်္ဂုတ္တိုရ် အဋ္ဌကထာ(သတ္တကနိပါတ်)တွင် မိန့်ဆိုထားပါသည်။ မလှူမီ၊ လှူဆဲနှင့် လှူပြီးကာလ သုံးပါးတို့၌ဖြစ်သော ဤစေတနာသုံးတန်ထဲတွင် အလှူခံပုဂ္ဂိုလ်၏လက်ဝယ်သို့ ပေးလှူနေဆဲဖြစ်သော မုဥ္စစေတနာက အရေးအပါဆုံး၊ အဓိကအကျဆုံးဖြစ်သည်။ မုဥ္စစေတနာကို သန္နိဋ္ဌာန် (ဆုံးဖြတ်သောစေတနာ)ဟု ကျမ်းဂန်များ၌ ခေါ်ဝေါ်သုံးနှုန်းပါသည်။ လူ့ပြည်၊ နတ်ပြည်တို့ကို ပို့ပေးနိုင်သော စေတနာဖြစ်ပါသည်။ စေတနာသုံးတန်၏ မြန်မာလိုအဓိပ္ပာယ်မှာ မလှူမီ လှူလိုစိတ်ပြင်းပြခြင်း၊ လှူဆဲ၌ စိတ်ကြည်လင်ခြင်း၊ လှူပြီးနောက် ဝမ်းမြောက်ကြည်နူးခြင်းတို့ ဖြစ်သည်။

**အလှူအကြောင်း သိကောင်းစရာ**

စွန့်ကြဲပေးကမ်းလှူဒါန်းခြင်းကို "ဒါန" ဟု ခေါ်သည်။ ဒါနသည် စေတနာဒါန၊ ဝတ္ထုဒါနဟု နှစ်မျိုးရှိသည်။

အဝတ်အစားစသည့် လှူဖွယ်ဝတ္ထုပစ္စည်းသည် ဝတ္ထုဒါနဖြစ်၏။

အလှူဒါနနှင့်စပ်၍ အလှူရှင်သန္တာန်မှာ ဖြစ်ပေါ်သည့် စေတနာကို စေတနာဒါနဟု ခေါ်သည်။

ထို့ကြောင့် ဒါနဖြစ်မြောက်ရေးတွင် စေတနာသည်အကြောင်းရင်းဖြစ်သည့်အတွက် စေတနာကို ဒါနဟု ခေါ်ရမည်ဖြစ်သည်။

ထိုစေတနာဒါနမှာ -

(၁) မလှူမီ ရည်မှန်းကာလ၌ ထိုအလှူနှင့် စပ်၍ ဖြစ်ပေါ်လာသော ပုဗ္ဗစေတနာ၊
(၂) ပေးလှူဆဲကာလ၌ ဖြစ်ပေါ်သော မုဥ္စစေတနာ၊
(၃) လှူပြီးနောက်ပိုင်းကာလ၌ ဖြစ်ပေါ်သော အပရစေတနာဟူ၍ သုံးမျိုးရှိသည်။

အကျိုးပေးရာ၌ စေတနာကသာ အကျိုးပေးသည်။ သို့ရာတွင် လှူဖွယ်ပစ္စည်းများသည် စေတနာထက်သန်အောင် အထောက်အပံ့ပြုနိုင်ကြသည်။ လှူဖွယ်ပစ္စည်းက ညောင်စေ့လောက်နည်းသော်လည်း စေတနာထက်သန်လျှင် ညောင်ပင်ကြီးလောက် အကျိုးရှိနိုင်သည်။ ထို့ကြောင့် အလှူဒါနပြုကြသည့်အခါ စေတနာသုံးတန် ထက်သန်အောင် ကြိုးစားကြရမည်။

**အလှူသဘော**

အလှူဟူသည်

- နတ်ပြည်၏ စောင်းတန်းလှေကားဖြစ်သည်။
- မြတ်သောရိက္ခာထုပ်ဖြစ်သည်။
- ခရီးဖြောင့်လည်း ဖြစ်သည်။
- မြတ်သော မဂ်ဖိုလ်နိဗ္ဗာန်၏ အကြောင်းဖြစ်သည်။
- အစိုးရခြင်းကို ဖြစ်စေတတ်၏။
- ချမ်းသာကို ပွားစေတတ်၏။
- မိမိကိုယ်ကို စောင်မတတ်၏။
- မယဉ်ကျေးသူတို့ကို ယဉ်ကျေးစေတတ်၏။
- အလုံးစုံသောအကျိုးကို ပြီးစေတတ်၏။
- အမွန်မြတ်ဆုံး မင်္ဂလာတစ်ပါးလည်း ဖြစ်၏။

ထို့ကြောင့်

အလှူ - ပေးကမ်းစွန့်လွှတ်ခြင်း။
အလှူခံ - လှူသည်ကို လက်ခံသည်၊ အလှူခံသူ။
အလှူပေး - လှူဒါန်းသည်၊ ဒါနပြုသည်။
ဒါန - အလှူပေးခြင်း ဖြစ်သည်။

**အလှူဒါနပြုကြသူငါ**

လတ်တလော မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် နိုင်ငံအနှံ့ ရေကြီးရေလျှံမှုများ ကြုံတွေ့ကြရပါသည်။ တောင်ပေါ်ဒေသဖြစ်သော ကလောမြို့သည်ပင်လျှင် **"ရေပင်လယ်ကြီး"**ဟု တင်စားရလောက်သည်အထိ တစ်မြို့လုံးနီးပါး ရေများကြီးသွားသည်ဟု ကြားသိရပါသည်။ နီးစပ်ရာဒေသများတွင် အဝတ်အထည်၊ အသုံးအဆောင်ပစ္စည်းများ၊ အလှူငွေများကို စုပေါင်းလှူဒါန်းကြပါသည်။

အထူးသဖြင့် မိမိတတ်နိုင်လျှင် တတ်နိုင်သလောက် အလှူငွေအနည်းငယ်မှ နေအိမ်များဆောက်လုပ်ပေးသည်အထိ အလှူရှင်များတွေ့ရ၍ အကြိမ်ကြိမ်သာဓုခေါ်မိသည်။

အချို့သော လူငယ်လူရွယ်များသည်လည်း လမ်းများတွင် သီချင်းဆို၍ အလှူခံခြင်းများမှာ မိမိတို့တတ်နိုင်သည့်၊ ပြုနိုင်သည့် ကိုယ်ပိုင်စွမ်းအားလေးများဖြင့်ပြုသည့် စေတနာရှင်များကိုလည်း ချီးကျူးဂုဏ်ပြုမိပါသည်။

ဒါက စာရေးသူသိရ၊ မြင်ရသည်များကို ဖော်ပြခြင်းမျှသာဖြစ်ပါသည်။ ကိုယ်မသိရဘဲ လှူဒါန်းနေကြသူများ၊ နည်းမျိုးစုံဖြင့် လှူဒါန်းနေကြသူများ အများကြီး အများကြီးရှိနေမည် ဖြစ်ပါသည်။ အလှူရှင်အားလုံးကို ရင်ထဲမှ လှိုက်လှဲစွာ သာဓု အကြိမ်ကြိမ် ခေါ်ဆိုနေမိပါသည်။

**ကိုယ်လှူတာ ကိုယ်ရတယ်**
**ဘယ်သူမှ မသိသိဆိုပြီး**
**လှူရင် -**
**ကိုယ်တစ်ယောက်တည်းပဲ**
**ရတာမို့ "အတ္တဟိတအလှူ"**
**ကိုယ်လှူတာ သူတစ်ပါးကို**
**အသိပေးလိုက်လို့**
**မုဒိတာစိတ်နဲ့ သာဓုခေါ်ကြရင်**
**သူတို့လည်း ကုသိုလ်ရတာမို့**
**"ပရဟိတအလှူ"**
**ဖြစ်သွားတယ်**

**(အရှင်ဇဝန လယ်ဝေး)**

**လုပ်အားအလှူ**

အသုံးအဆောင်ပစ္စည်း၊ နေအိမ်၊ ယာဉ်၊ အစားအသောက် အလှူများကဲ့သို့ပင် မိမိတို့၏ ကိုယ်ပိုင်အချိန်ကို အသုံးပြုလျက် လှူနေကြသော လုပ်အားအလှူရှင်များလည်း ရှိပါသည်။ ဥပမာအားဖြင့် ကမ္ဘာတစ်ဝန်းတွင် ကြက်ခြေနီအသင်းများ ရှိကြပါသည်။

ကြက်ခြေနီဆိုသည်မှာ ဆင်းရဲဒုက္ခခံစားရသူများနှင့် အကူအညီအဆောတလျင် လိုအပ်နေသူများအား ခွဲခြားခြင်းမရှိဘဲ ကြားနေကာ လူသားချင်းစာနာထောက်ထားသောစိတ်ဓာတ်ဖြင့် ကိုယ်ကျိုးမဖက် အများအကျိုးအတွက် စိတ်ရင်းစေတနာဖြင့် ကြက်ခြေနီလှုပ်ရှားမှုတွင် ပါဝင်ကူညီပေးနေကြသူများကို ကိုယ်စားပြုခေါ်ဆိုခြင်းဖြစ်သည်။

သဘာဝဘေးစသည့် မည်သည့်ဘေးအန္တရာယ်မျိုးမဆို ဖြစ်ပေါ်ကြုံတွေ့နေချိန်တွင် ကြက်ခြေနီအသင်းကဲ့သို့ လူမှုကူညီရေးအသင်းကြီးများရှိသကဲ့သို့ တစ်ဦးချင်းသော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း ပရဟိတစိတ်ဖြင့် ဝိုင်းဝန်းကူညီပေးတတ်ကြသော **"လုပ်အားအလှူရှင်"** များကိုလည်း မြင်တွေ့ခံစားကြရပါသည်။

**စုပေါင်းအလှူ တို့ဝိုင်းကူ**

ကြည်း၊ ရေ၊ လေတပ်မတော်သားများ၊ ရဲတပ်ဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့များ အပါအဝင် မီးသတ်တပ်ဖွဲ့များနှင့် ဆရာဝန်၊ သူနာပြု၊ ကျောင်းဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ လုပ်သားပြည်သူများ၊ ကလေးသူငယ်များပါမကျန် အရေးကြုံလာသည့်အခါ မိမိတို့၏အရင်းခံစိတ်စေတနာအပြည့်ဖြင့် ဝိုင်းဝန်းကူညီပြုကြသည်ကို မျက်မြင်တွေ့သိကြားရသည့်အတွက် မိမိတို့ ပြည်သူများကိုယ်စား ထပ်မံ၍ သတိရတိုင်း သာဓု သာဓု သာဓု အကြိမ်ကြိမ် ခေါ်ခြင်းဖြင့် အလှူရှင်များကို ဤဆောင်းပါးဖြင့် လေးစားစွာ ချီးကျူးဂုဏ်ပြုလျက်။ ။

*[ ဤဆောင်းပါးဖြင့် နှစ်စဉ်ကျင်းပမြဲဖြစ်သော စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံစာရေးဆရာအသင်း၏သက်ကြီးစာပေပညာရှင်ကြီးများအား ကန်တော့ဂုဏ်ပြုပွဲကို လေးစားစွာ ဂုဏ်ပြုကြိုဆိုပါကြောင်း။]*

*ကိုးကား။ Myanmar National Portal*
*သာသနာ့အလင်း၊ ဓမ္မမှတ်စု (ပထမတွဲ)*
*အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာ*

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ တက္ကသိုလ်ပါမောက္ခချုပ်များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၁၉**

တက္ကသိုလ်ပါမောက္ခချုပ်များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ် (၁၃) ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်ပါမောက္ခချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ(ဌာနမှူး)များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး သက်ဆိုင်ရာ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး) များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။



**အမြဲမပြတ်လေ့လာ**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂၀၂၄- ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်များပြန်လည်ဖွင့်လှစ်ခဲ့သည်မှာ တစ်လပြည့်ခဲ့ပြီဖြစ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများ ကျောင်းနေပျော်၍ စာတော်အောင်သင်ကြားပေးကြရန်၊ သက်ဆိုင်ရာဘာသာရပ်များအလိုက် သင်ရိုးကုန်အပြည့်အစုံ သင်ကြားပေးရန်နှင့် ကျွမ်းကျင်ပိုင်နိုင်စွာ သင်ကြားပေးနိုင်ရေးအတွက် ဆရာ ဆရာမများအနေဖြင့် မိမိဘာသာရပ်ကို အမြဲမပြတ် လေ့လာနေကြရန်မှာကြားလိုကြောင်း၊ ဌာနမှကျွမ်းကျင်သူ ဝါရင့်ဆရာကြီး ဆရာမကြီးများကလည်း မွမ်းမံလေ့ကျင့်ပေးကြရန်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ Module အလိုက် မွမ်းမံသင်တန်းများ ဖွင့်လှစ်ပေး၍ ဆရာ ဆရာမများ သင်ကြားမှုအရည်အသွေး ကောင်းအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

အင်္ဂလိပ်စာကို Minor ဘာသာရပ်အဖြစ် တတိယနှစ်အထိ သင်ကြားကြရမည်ဖြစ်ကြောင်း၊ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခများအနေဖြင့် စာသင်ခန်းများအထိ လှည့်လည်ကွင်းဆင်းစစ်ဆေး၍ သင်ကြားသင်ယူမှု အရည်အသွေးတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ တက္ကသိုလ်အလိုက် ဆောင်ရွက်မည့် မောင်မယ်သစ်လွင်ကြိုဆိုပွဲများကို မြန်မာ့ယဉ်ကျေးမှုနှင့်အညီ ကျင်းပဆောင်ရွက်ကြစေလိုကြောင်း၊ ကျောင်းဥပဓိရုပ်ကောင်းမွန်စေရေး အလေးထားဆောင်ရွက်ကြရန်၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်ထားကြရန်နှင့် မီးသတ်ဆေးဘူးများ ချိတ်ဆွဲဆောင်ရွက်ထားကြရန် မှာကြားလိုကြောင်း၊ ကျောင်းတက်သည့် ကျောင်းသားစာရင်းများကို နေ့စဉ် စနစ်တကျကောက်ယူကာ ကျောင်းခေါ်ချိန် ၇၅ ရာခိုင်နှုန်းပြည့်မီအောင် စည်းရုံးကြိုးကြပ်ဆောင်ရွက်ကြစေလိုကြောင်း၊ ပညာရေးဝန်ကြီးဌာန၏ အမိန့်ညွှန်ကြားချက်များ၊ မိမိတို့ဦးစီးဌာနများ၏ ညွှန်ကြားချက်များကို လေးစားလိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ရုံးစာများ၊ ညွှန်ကြားချက်များကို ဆိုရှယ်မီဒီယာအွန်လိုင်းပေါ်တင်ခြင်းများ၊ ပေးပို့ခြင်းများကို နိုင်ငံ့ဝန်ထမ်းများ မပြုလုပ်ကြစေရေးအတွက် ပညာပေးကြီးကြပ်ရန် အလေးအနက်မှာကြားလိုကြောင်း ပြောကြားသည်။

**ဆွေးနွေးပြောကြား**

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ကျောင်းတက်နှုန်းမြင့်မားရေးနှင့် ဆရာ ဆရာမ မွမ်းမံသင်တန်းများ ပို့ချမည့်အစီအစဉ်ကို ရှင်းလင်းပြီး အမိန့်ညွှန်ကြားချက်များကို လိုက်နာခြင်းသည် နိုင်ငံ့ဝန်ထမ်းတိုင်း လိုက်နာရမည့်တာဝန်ဖြစ်ရုံသာမက မိမိ၏ကိုယ်ကျင့်သိက္ခာကို စောင့်ထိန်းခြင်းဖြစ်သဖြင့် အသိကိုသတိဖြင့်ထိန်းသိမ်းကြရန် ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အခြေခံပညာဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၀၈) သင်တန်းဆင်း




**ရန်ကုန် ဒီဇင်ဘာ ၁၉**

အခြေခံပညာဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၀၈)၏ သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ရတနာသိဃ်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သော်၊ အဖွဲ့ဝင် ဦးစိုးတင့်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်က သင်တန်းဆင်းအမှာစကား ပြောကြားရာတွင် နိုင်ငံ့ဝန်ထမ်း ဆရာ ဆရာမများ၏ စိတ်ဓာတ်၊ စည်းကမ်း ကောင်းမွန်ပြီး အခြေခံပညာရေးနှင့် စပ်လျဉ်းသော ဗဟုသုတများအပြင် နိုင်ငံ့ဝန်ထမ်းများနှင့် သက်ဆိုင်သော ဗဟုသုတနှင့် အတွေ့အကြုံများ တိုးပွားလာစေရန်၊ ချစ်ကြည်ရင်းနှီးစည်းလုံးညီညွတ်မှုရရှိပြီး ယုံကြည်ချက်၊ ခံယူချက်စိတ်နေစိတ်ထားများ ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်၍ လေ့ကျင့်ပေးခဲ့ပြီးဖြစ်ကြောင်း ဆရာ ဆရာမများအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းပြီး တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်ဖွံ့ဖြိုးတိုးတက်ရေးကို ဆတက်ထမ်းပိုး ကြိုးပမ်းကြရန် တိုက်တွန်းမှာကြားသည်။ ထို့နောက် သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဆုများချီးမြှင့်ပြီး သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်သည်။

**တက်ရောက်**

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၀၈)သို့ သင်တန်းသား ၃၁ ဦး၊ သင်တန်းသူ ၃၆၃ ဦး စုစုပေါင်း ၃၉၄ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ နိုဝင်ဘာ ၁၈ ရက်မှ ဒီဇင်ဘာ ၁၉ ရက်အထိ ရက်သတ္တငါးပတ်ကြာ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဦးသန်းဝင်း အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း(ရန်ကုန်) ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၁၉**

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဦးသန်းဝင်းတို့ ဦးဆောင်သောအဖွဲ့သည် ယနေ့တွင် ကော်မရှင်ဥပဒေ ပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်နှင့်အညီ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် နတ်မောက်လမ်းသွယ်ရှိ အမျိုးသမီး သက်မွေးအတတ်ပညာသင်ကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ကော်မရှင်အဖွဲ့သည် အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်းအတွင်း လက်ခံစောင့်ရှောက်သင်ကြားပေးလျက်ရှိသော အမျိုးသမီးများကို ကျန်းမာရေးစောင့်ရှောက်မှု၊ အစားအစာကျွေးမွေးမှု၊ အိပ်ဆောင်များထားရှိမှု၊ အမျိုးသမီး တစ်ကိုယ်ရေသုံးပစ္စည်းများ လုံလောက်စွာရရှိမှု၊ သန့်ရှင်းသော သောက်သုံးရေရရှိစေရန် ဆောင်ရွက်ပေးမှု၊ ချိုးရေကန်များ သန့်ရှင်းမှုနှင့် ရေလုံလောက်မှု ရှိ မရှိ အခြေအနေများအပြင် အကျင့်စာရိတ္တ ပြုပြင်ပေးခြင်းဖြင့် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ တိုးတက်ကောင်းမွန်လာစေရေး၊ မိသားစုနှင့် ဆက်သွယ်ခွင့်၊ မိသားစုနှင့် ပြန်လည်ပေါင်းစည်းခွင့်၊ ဘဝလုံခြုံရေးနှင့် အသက်မွေးဝမ်းကျောင်းပညာသင်ကြားခွင့်၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့် စသည့် အခြေခံ လူ့အခွင့်အရေးများရရှိအောင် ဆောင်ရွက်ပေးမှုအခြေအနေတို့နှင့် ကော်မရှင်မှ ယခင်လာရောက်စစ်ဆေးခဲ့စဉ်က အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။



အဆိုပါအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ချောက်မြို့နယ် ပြည်သူ့ဆေးရုံ၌ အမြွှာမွေးမိခင်အား ချီးမြှင့်ငွေပေးအပ်

**ချောက် ဒီဇင်ဘာ ၁၉**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၌ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့၏ လမ်းညွှန်ပံ့ပိုးမှုဖြင့် ယမန်နေ့မွန်းလွဲ ၁ နာရီက မြို့နယ်ပြည်သူ့ဆေးရုံ၌ အမြွှာမွေးမိခင်အား ချီးမြှင့်ငွေပေးအပ်သည်။

ထိုသို့ ပေးအပ်ရာတွင် မြို့နယ်ပြည်သူ့ဆေးရုံ၌ ချောက်မြို့နယ် ရေတွင်းကျေးရွာမှ အမြွှာမွေးမိခင်အား ချောက်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းမာသိန်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းနွမ်ခမ်းခေါင်နှင့် အဖွဲ့ဝင်များပူးပေါင်း၍ ချီးမြှင့်ငွေများ၊ အာဟာရပစ္စည်းများ ပေးအပ်ခဲ့ကြောင်းနှင့် စက်တင်ဘာလမှ ဒီဇင်ဘာလအတွင်း အမြွှာမွေးမိခင် ခြောက်ဦးတို့အား ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ငွေကြယ်**



**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်အတွင်းမှ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၈/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား သွားရောက်တွေ့ဆုံ



မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၈/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၉**

ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၈/၂၀၂၄) သို့ တက်ရောက်ရန် ဘားအံမြို့နယ်မြေခံ သင်တန်းကျောင်းသို့ ရောက်ရှိနေသည့် ကရင်ပြည်နယ်အတွင်းမှ နိုင်ငံ့သားကောင်းရတနာများအား ယနေ့မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဇော်မင်းအောင်နှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၈/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်း ရတနာများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများသည် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၈/၂၀၂၄) သို့ တက်ရောက်မည့်နိုင်ငံ့သားကောင်း ရတနာများအား လိုက်လံနှုတ်ဆက် အားပေးစကား ပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၈/၂၀၂၄)သို့ တက်ရောက်ရန် မော်လမြိုင်မြို့နယ်မြေခံ သင်တန်းကျောင်းသို့ ရောက်ရှိလာသည့် မွန်ပြည်နယ်အတွင်းမှ နိုင်ငံ့သားကောင်း ရတနာများအား ယနေ့မွန်းလွဲပိုင်းတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်တွေ့ဆုံသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၈/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်း ရတနာများ အတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၈/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား လိုက်လံနှုတ်ဆက် အားပေးစကား ပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပဲခူးမြို့၌ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း ဖွင့်လှစ်

**ပဲခူး ဒီဇင်ဘာ ၁၉**

ပဲခူးမြို့ မြို့တော်ခန်းမ၌ ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က ဦးဆောင်၍ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာ သင်တန်းဖွင့်ပွဲကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီးတို့ တက်ရောက်ချီးမြှင့်သည်။



**ကုန်ထုတ်လုပ်မှုတိုးတက်အောင်ဆောင်ရွက်**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က MSME လုပ်ငန်းများသည် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်ရာတွင် အရေးကြီးသည့် အဓိကမောင်းနှင်အားဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြုံတွေ့ရမည့် စိန်ခေါ်မှုနှင့် အခက်အခဲများကို အခွင့်အလမ်းများအဖြစ် ပြောင်းလဲဖန်တီးယူနိုင်မှသာ ဒေသတွင်း MSME လုပ်ငန်းများ အောင်မြင်မှုကို အရောက်လှမ်းနိုင်မည်ဖြစ်ကြောင်း၊ သင်တန်းသား သင်တန်းသူများ အနေဖြင့် ရရှိလာသည့် အတတ်ပညာ၊ ကျွမ်းကျင်မှုတို့ကို မိမိတို့၏ တီထွင်ဖန်တီးမှုနှင့် ပေါင်းစပ်အသုံးချပြီး ဈေးကွက်ဝင်ပစ္စည်းများထုတ်လုပ်၍ တိုင်းဒေသကြီးအတွင်း ကုန်ထုတ်လုပ်မှုတိုးတက်အောင် ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းထွန်းမိုးက နည်းပညာပံ့ပိုးကူညီမှုနှင့် စပ်လျဉ်း၍လည်းကောင်း၊ ညွှန်ကြားရေးမှူး ဒေါက်တာသဇင်ဟန်က သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၏ လုပ်ငန်းစဉ်များနှင့် တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်ခြင်းဆိုင်ရာ အသိပညာများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများက သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကားပြောကြားသည်။ ၎င်းနောက် သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနက ထုတ်လုပ်ထားသည့် ဝါးအခြေခံ လူသုံးကုန်ပစ္စည်းများနှင့် သီးနှံအခြေခံတန်ဖိုးမြှင့်ထုတ်ကုန်များကို ကြည့်ရှုအားပေးသည်။ အဆိုပါသင်တန်းတွင် သင်တန်းသား သင်တန်းသူ ၂၁၄ ဦးအား နှစ်ရက်ကြာ သင်တန်းပို့ချသင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် Cryptocurrency အကြောင်းသိကောင်းစရာ အသိပညာပေးစကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် “Crypto-currency အကြောင်း သိကောင်းစရာ” အသိပညာပေး စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ကော်မရှင်ရုံး စုပေါင်းခန်းမ၌ ကျင်းပသည်။

**ရည်ရွယ်ကျင်းပ**

ဦးစွာ ကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေးက မြန်မာနိုင်ငံအနေဖြင့် ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Force- FATF) ၏ Recommendation 15 နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရန် တာဝန်ရှိသည့်အတွက် ငွေကြေးခဝါချမှုများ၊ အကြမ်းဖက်အဖွဲ့အစည်းများကို ငွေကြေးထောက်ပံ့မှုများ၊ တရားမဝင်မှောင်ခိုရောင်းဝယ်မှုများ၊ အဂတိလိုက်စားမှုများ ပြုရာတွင် Cryptocurrency ကို အသုံးပြုလာကြကြောင်း၊ အဂတိလိုက်စားမှုများမှ ရရှိလာသည့် ငွေကြေးများကို အသွင်ပြောင်း၍ Crypto-currency များတွင် ရင်းနှီးမြှုပ်နှံခြင်းများဖြင့် ငွေကြေးခဝါချမှုကျူးလွန်ခြင်းများ ဖြစ်ပွားလာနိုင်သဖြင့် ကော်မရှင်ရုံးနှင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများမှ ဝန်ထမ်းများအား Cryptocurrency နှင့်စပ်လျဉ်း၍ အသိပညာပေးရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း။

မျက်မှောက်ကာလတွင် ဂိုဏ်းဖွဲ့ပြစ်မှုကျူးလွန်သူများအနေဖြင့် ပြစ်မှုကျူးလွန်ရာမှ ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများကို ဖုံးကွယ်ရန်အပြင် ငွေကြေးလွှဲပြောင်းမှုများ ဆောင်ရွက်သည့်အခါ ခြေရာခံ၍မရစေရန် Cryptocurrency ကို ကျယ်ပြန့်စွာ အသုံးပြုလာကြကြောင်း၊ စုံစမ်းစစ်ဆေးရေး အရာရှိများသည် Cryptocurrency နှင့်ပတ်သက်၍ အတွေ့အကြုံ၊ ဗဟုသုတ၊ စွမ်းဆောင်ရည်များရှိရန် လိုအပ်ကြောင်း ပြောကြားသည်။




**ပြောကြား**

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသူရိန်အောင်က Cryptocurrency နှင့် စပ်လျဉ်းသည့် သမိုင်းကြောင်း၊ One Pay Co.,Ltd. မှ Project Director ဖြစ်သူ ဦးနေဝင်းက Cryptocurrency ၏ အားသာချက်၊ အားနည်းချက်များ၊ ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ ဒုတိယတပ်ဖွဲ့မှူး ရဲမှူးကြီး မြင့်စိုးက Cryptocurrency နှင့် စပ်လျဉ်း၍ Financial Action Task Force-FATF အကြံပြုချက်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ ဦးစီးအရာရှိ ဒေါ်ထက်ထက်အောင်က အဂတိလိုက်စားမှုနှင့် ဆက်နွှယ်နေသည့် Cryptocurrency အကြောင်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ညွှန်ကြားရေးမှူးများ ဖြစ်ကြသည့် ဒေါ်ကြေးမုံနှင့် ဒေါ်နှင်းထက်ထက်ဝင်းတို့က Virtual Cryptocurrency များနှင့်စပ်လျဉ်းသည့် အကြောင်းအရာများကို ဆွေးနွေးပြီး တက်ရောက်လာကြသည့်ဧည့်သည်တော်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် စကားဝိုင်းဆွေးနွေးပွဲမှ ရရှိလာသည့် ရလဒ်များနှင့်စပ်လျဉ်း၍ ဖတ်ကြားတင်ပြပြီး ကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်နှင့် ကော်မရှင်ရုံးမှ အဆင့်မြင့်အရာရှိကြီးများ၊ အရာထမ်းများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတကာဖိတ်ခေါ်ပြိုင်ပွဲတွေ သွားရောက်ယှဉ်ပြိုင်ဖို့ ဒီနေရာကနေ ကစားသမားတွေရွေးချယ်တာလည်းဖြစ်ပါတယ်။ ဒီလိုကျင်းပခြင်းအားဖြင့် လူငယ်တွေရဲ့ ကာယပိုင်းဆိုင်ရာ၊ ဉာဏပိုင်းဆိုင်ရာတိုးတက်မှုရရှိစေမှာဖြစ်ပါတယ်

ဦးထွန်းဇော်

တွေ့ဆုံမေးမြန်းနှင့် ဓာတ်ပုံ
အလင်းသစ်၊ လင်းရာမ

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ သတ်မှတ်နေရာအသီးသီးတွင် ဆက်လက်ကျင်းပလျက် ရှိရာ သက်ဆိုင်ရာအားကစားနည်းအလိုက် တာဝန်ရှိသူများနှင့် ပါဝင်ယှဉ်ပြိုင်ကြသူများအား တွေ့ဆုံမေးမြန်းထားသည်များကို ပြန်လည်ဖော်ပြလိုက်ပါသည်-


ဦးထွန်းဇော်


ဦးဆောင်ဆောင်စိန်


မောင်ကျော်ကျော်ထွန်း


ဦးကျော်ကျော်ထွေး


မောင်အောင်ဇာနည်မင်း

**ဦးထွန်းဇော်**
**အထွေထွေမန်နေဂျာ**
**မြန်မာနိုင်ငံ ကရာတေးအဖွဲ့ချုပ်**

အခု ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်မှာ ပြိုင်ပွဲကျင်းပရေးကော်မတီနဲ့ နည်းစနစ်ကော်မတီမှာ တာဝန်ယူဆောင်ရွက်နေပါတယ်။ ကရာတေးအားကစားပြိုင်ပွဲမှာဆိုရင် ကစားနည်းနှစ်နည်းနဲ့ ကျင်းပပေးခဲ့တာဖြစ်ပါတယ်။ "ခတ"ဆိုတာက အပြဖြစ်ပြီး "ကုမိတဲ့"ကတော့ နှစ်ဦးရင်ဆိုင်တိုက်ခိုက်ရတဲ့ကစားနည်း ဖြစ်ပါတယ်။ "ခတ"မှာ တစ်ဦးချင်းပြိုင်ပွဲရှိသလို သုံးယောက်ကစားရတဲ့နည်းလည်းရှိပါတယ်။ အမျိုးသားအမျိုးသမီး "ကုမိတဲ့"မှာဆိုရင် ဝိတ်တန်း ကိုးတန်းရှိပြီး အမျိုးသမီးလေးတန်းနဲ့ အမျိုးသား ငါးတန်းဖြစ်ပါတယ်။ ပြိုင်ပွဲဝင်ကတော့ အမျိုးသား ၉၅ ဦး၊ အမျိုးသမီး ၇၆ ဦး စုစုပေါင်း ၁၇၁ ဦး ဖြစ်ပါတယ်။ အားကစားပြိုင်ပွဲတွေ ကျင်းပပေးတာကတော့ ဒေသတွင်းပြိုင်ဘက်တွေဖြစ်တဲ့ အရှေ့တောင်အာရှပြိုင်ပွဲတွေမှာ နိုင်ငံကိုယ်စားပြုအားကစားသမားတွေ ပေါ်ထွက်လာရေး၊ နိုင်ငံကိုယ်စားပြုရွှေတံဆိပ်တွေရရှိရေး ဦးတည်ပြီးကျင်းပတာဖြစ်ပါတယ်။ "ခတ" မှာဆိုရင် ပြိုင်ပွဲစတင် ကျင်းပတဲ့နေ့မှာ အသက် ၁၆ နှစ်ပြည့်ရမှာဖြစ်ပါတယ်။ "ကုမိတဲ့"ပြိုင်ပွဲမှာပြိုင်ပွဲစတင်တဲ့နေ့မှာ အသက် ၁၈ နှစ်ပြည့်ရပါမယ်။ အသက်ကို ၂၅ နှစ်ထက်မကြီးရဆိုပြီးတော့ ကန့်သတ်ထားတာ ရှိပါတယ်။ ကရာတေးပြိုင်ပွဲမှာဆိုရင် ဝန်ကြီးဌာနအသင်းတွေမပါဘူး။ ပြည်နယ်နဲ့ တိုင်းဒေသကြီးအဆင့်ပဲ ပါပါတယ်။ နိုင်ငံတကာဖိတ်ခေါ်ပြိုင်ပွဲတွေသွားရောက်ယှဉ်ပြိုင်ဖို့ ဒီနေရာကနေ ကစားသမားတွေရွေးချယ်တာလည်း ဖြစ်ပါတယ်။ ဒီလိုကျင်းပခြင်းအားဖြင့် လူငယ်တွေရဲ့ ကာယပိုင်းဆိုင်ရာ၊ ဉာဏပိုင်းဆိုင်ရာ တိုးတက်မှုရရှိစေမှာဖြစ်ပါတယ်။ ဒီပြိုင်ပွဲမှာ ကလေးတွေရဲ့ လက်ရည်တော်တော်တက်တယ်။ တချို့ပြည်နယ်တွေက ကစားသမားတွေတော်တော်ကောင်းတာတွေ့ရတယ်။ (၃၃)ကြိမ်မြောက် ဆီးဂိမ်းအတွက် ကျွန်တော်တို့အဖွဲ့ချုပ်တွေအနေနဲ့ ပြည်နယ်နဲ့ တိုင်းဒေသကြီးက တိုးတက်တဲ့ ကလေးတွေကိုစခန်းသွင်းလေ့ကျင့်ထားတာရှိတယ်။ အချို့ပြည်နယ်တွေက ကလေးတွေဆို သူတို့ပြည်နယ်အတွက် ပြန်ကစားခိုင်းတာရှိတယ်။ အဲဒီကစားသမားတွေကတော့ ပိုပြီးတိုးတက်ပါတယ်။ ဒါကြောင့်ပြိုင်ပွဲတွေမကြာမကြာ ကျင်းပပေးနိုင်ရင် ပိုကောင်းတယ်လို့ ပြောချင်ပါတယ်။

**ဦးဆောင်ဆောင်စိန်**
**ဘိလိယက်/စနူကာဒိုင်ချုပ်**

အခုလို အားကစားပြိုင်ပွဲတွေ ကျင်းပပေးတဲ့အတွက် ပြည်နယ်နဲ့ တိုင်းဒေသကြီး အသီးသီးက ရွက်ပုန်းသီးကစားသမားတွေလည်း ထွက်ပေါ်လာမှာ ဖြစ်ပါတယ်။ အဲဒီကနေတစ်ဆင့် နိုင်ငံတကာပြိုင်ပွဲယှဉ်ပြိုင်ဖို့ ကစားသမားတွေကို ရွေးချယ်လို့ရမှာဖြစ်ပါတယ်။ အခုပြိုင်ပွဲမှာ ပြည်နယ်နဲ့ တိုင်းဒေသကြီး ကိုယ်စားပြုကစားသမားတွေကို လာမယ့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှာ ယှဉ်ပြိုင်နိုင်မယ့် အရည်အချင်းရှိတဲ့ကစားသမားတွေကို ရွေးချယ်နိုင်မှာဖြစ်ပါတယ်။ အခုလို ပြိုင်ပွဲတွေကျင်းပပေးတဲ့အတွက်လူငယ်မျိုးဆက်သစ်ကစားသမားတွေလည်း အများကြီးပေါ်ထွက်လာမှာ ဖြစ်ပါတယ်။ စည်းမျဉ်းစည်းကမ်းတွေနဲ့အညီ ကျင်းပတယ်ဆိုပေမယ့် လျှော့ပေါ့ပေးထားတာတွေတော့ရှိပါတယ်။ အခုပြိုင်ပွဲမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်ကိုယ်စားပြုအသင်း ၁၃ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့တာဖြစ်ပြီး ပြိုင်ပွဲဝင်ကစားသမား စုစုပေါင်းကတော့ ၃၀၀ ကျော်ရှိပါတယ်။

**မောင်ကျော်ကျော်ထွန်း**
**ဖူဆယ်အားကစားပြိုင်ပွဲဝင်**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး**
**ဝန်ကြီးဌာနကိုယ်စားပြု**

အခုကျွန်တော်တို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးအသင်းက အမျိုးသား ဖူဆယ်ပြိုင်ပွဲမှာ ဗိုလ်လုပွဲအဆင့် တက်သွားပါပြီ။ အခုလို အဆင့်ရောက်အောင်လည်း ရန်ကုန်မှာသုံးလလောက်စခန်းသွင်းလေ့ကျင့်ခဲ့ရတာ ဖြစ်ပါတယ်။ နိုင်ငံခြားနည်းပြရဲ့ နည်းစနစ်ပိုင်းဆိုင်ရာသင်ပြမှုတွေနဲ့ လမ်းညွှန်မှုတွေကိုလည်း သေချာလိုက်နာပြီး လေ့ကျင့်ခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော့်အတွက်တော့ အခု ဝန်ကြီးဌာနပွဲက ပထမဆုံးပွဲဖြစ်ပါတယ်။ ဒီပြိုင်ပွဲမှာ တစ်ဖက်အသင်းတွေကလည်း ပြင်ဆင်ပြီးမှလာတာဆိုတော့ အရင်နဲ့စာရင် ပိုကောင်းတယ်လို့မြင်ပါတယ်။ ကစားသမားတွေကလည်း ဒီလိုပွဲတွေရှိတော့ ကစားရပါလားဆိုပြီး စိတ်ဝင်စားလာရင် မကောင်းတဲ့ဘက်ကို သိပ်မရောက်တော့ဘူး။ နိုင်ငံအတွက်လည်း မျိုးဆက်သစ်တွေ ရွေးချယ်လို့ရမယ်။ နောင်မျိုးဆက်သစ်တွေကိုလည်း ကျွန်တော် တွေ့ကြုံခဲ့ရတဲ့ အတွေ့အကြုံတွေကို ဖလှယ်သွားမှာ ဖြစ်ပါတယ်။

**ဦးကျော်ကျော်ထွေး**
**အမျိုးသားဘော်လီဘောနည်းပြ**
**အားကစားနှင့် လူငယ်ရေးရာ**
**ဝန်ကြီးဌာနကိုယ်စားပြု**

ဒီပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ဖို့ ဇွန်လကတည်းက စခန်းသွင်းလေ့ကျင့်ခဲ့တာဖြစ်ပါတယ်။ အခု ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားအလွတ်တန်း ဘော်လီဘောပြိုင်ပွဲမှာ ကျွန်တော်တို့အသင်းအနေနဲ့ ပထမဆုရယူဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပြိုင်ပွဲဝင်မယ့် ဘော်လီဘော ကစားသမားတွေကို စခန်းသွင်း လေ့ကျင့်ခဲ့တာ ဖြစ်ပါတယ်။ ဒီပြိုင်ပွဲမှာ နောက်ဆုံးဗိုလ်လုပွဲမှာ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရာမှာ ပြည်ထဲရေးကို အနိုင်ရပြီး ရွှေတံဆိပ်ဆုရရှိခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်ကလည်း အသက် ၂၅ နှစ်အောက် အမျိုးသားဘော်လီဘောပြိုင်ပွဲမှာ ပြည်ထဲရေးအသင်းနဲ့ပဲ ဗိုလ်လုပွဲကစားခဲ့ရတာ ဖြစ်ပါတယ်။ အဲဒီတုန်းကလည်း ကျွန်တော်တို့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနကိုယ်စားပြု ဘော်လီဘောအသင်းက ပထမရခဲ့တာပါ။ အခုကျင်းပနေတဲ့ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်မှာလည်းပထမရလို့ဝမ်းသာရပါတယ်။ အခုအမျိုးသား ဘော်လီဘောပြိုင်ပွဲက အလွတ်တန်းပြိုင်ပွဲဖြစ်တာကြောင့် အသင်းတိုင်းမှာရှိတဲ့ ကစားသမားတွေကလည်း တော်တော်များများ ကောင်းကြပါတယ်။ ပြိုင်ဆိုင်မှုတွေလည်း ပြင်းထန်တယ်။ ပြိုင်ပွဲတွေက အရင်နှစ်နဲ့မတူဘဲ အဆင့်တစ်ဆင့်မြင့်လာတယ်လို့ ခံစားရတယ်။ ပြိုင်ဘက်ကောင်းတွေ အများကြီးထွက်လာတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ အခုလို အားကစားပွဲတွေ များများ ကျင်းပပေးနိုင်ရင်တော့ နိုင်ငံအတွက်အကျိုးပြုမယ့်ကစားသမားတွေ အများကြီးထွက်ပေါ်လာလိမ့်မယ်လို့ ယုံကြည်ပါတယ်။

**မောင်အောင်ဇာနည်မင်း**
**ကရာတေးအားကစားပြိုင်ပွဲဝင်**
**ရခိုင်ပြည်နယ်ကိုယ်စားပြု**

အခုလို ရခိုင်ပြည်နယ်ကိုယ်စားပြုကရာတေးအားကစားသမားတစ်ဦးအနေနဲ့ ရွှေတံဆိပ်ဆုဆွတ်ခူးနိုင်ခဲ့တာ အလွန်ပဲဝမ်းသာပါတယ်။ ပြိုင်ပွဲဝင်ဖို့အတွက် ပြိုင်ပွဲမစမီ ရန်ကုန်မှာ ခြောက်လလောက် ပြင်းပြင်းထန်ထန် လေ့ကျင့်ခဲ့တာဖြစ်ပါတယ်။ နိုင်ငံတကာပြိုင်ပွဲတွေ ဝင်ရောက်ယှဉ်ပြိုင်နိုင်ဖို့အတွက် ကရာတေးအားကစားကို လေ့ကျင့် ကစားခဲ့တာကတော့ ရှစ်နှစ်လောက်ရှိပါပြီ။ ရန်ကုန်မှာ စခန်းသွင်းလေ့ကျင့်မှု မလုပ်ခင် မန္တလေးမှာ သွားရောက်ယှဉ်ပြိုင်ခဲ့ရာမှာတော့ ဒုတိယပဲ ရခဲ့တာပါ။ အဲဒါကြောင့် ကိုယ့်အနေနဲ့ ဘာတွေလိုအပ်ချက်ရှိလဲ သုံးသပ်ပြီး နောက်တစ်ခါ ဒီလိုမဖြစ်စေရဘူးဆိုပြီး ကြိုးစားခဲ့လို့ အမျိုးသားတစ်ဦးချင်း "ကုမိတဲ့" (-၆၀)အောက် ပြိုင်ပွဲမှာ အခုလို ရွှေတံဆိပ်ဆုရခဲ့တာ ဖြစ်ပါတယ်။ အနိုင်ရရမယ်ဆိုတဲ့ ခံယူချက်နဲ့ ကြိုးစားခဲ့တာပါ။ ဒီပြိုင်ပွဲမလာခင်တုန်းက တော်တော်စိတ်လှုပ်ရှားခဲ့ပါတယ်။ ရှစ်နှစ်တာကြိုးစားခဲ့တဲ့အပေါ်မှာ အကောင်းဆုံးရလဒ်တစ်ခုလည်းရရှိခဲ့ပါပြီ။

## မြဝတီခရိုင်၌ နိုင်ငံသား စိစစ်ရေးကတ်များ ပေးအပ်

မြဝတီ ဒီဇင်ဘာ ၁၉

ကရင်ပြည်နယ် မြဝတီမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၇ ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်အောင်ဝင်းက ပန်းခင်းစီမံချက်အဆင့်(၃)ဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် ဆောင်ရွက်ခဲ့သည့် အသက် ၁၀-၁၈ နှစ်ကြား နိုင်ငံသားစိစစ်ရေးကတ် ၇၈ ကတ်နှင့် အသက် ၁၈ နှစ်အထက် နိုင်ငံသားစိစစ်ရေးကတ် ခုနစ်ကတ်တို့ကိုမြဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၊


ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မိုးကျော်ဟိန်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများကပေးအပ်ရာ ကျောင်းအုပ်ဆရာကြီး ဦးအုန်းမြင့်နှင့် ကျောင်းသား ကျောင်းသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

ဇာဖြူဝင်း(မြဝတီ)

○ ကျောဖုံးမှ

ဝင်းနိုင်ထွန်းသည် ယင်းပွဲတွင် မိနစ် ၂၀ ကျော်မှ လူစားဝင်ကစားခွင့်ရသော်လည်း မြန်မာအသင်းအတွက် ၈၇ မိနစ်တွင် ချေပဂိုးနှင့် ၉၀+၃ မိနစ်တွင် အနိုင်ဂိုးသွင်းယူပေးခဲ့သဖြင့် ပြိုင်ပွဲကျင်းပရေးက ရွေးချယ်သည့် အကောင်းဆုံးဆုရရှိခဲ့ခြင်းဖြစ်သည်။

ဝင်းနိုင်ထွန်းသည် ထိုင်းကလပ် ချင်းရိုင်ယူနိုက်တက်အသင်းတွင် သွားရောက်ကစားနေသူဖြစ်ပြီး ကလပ်ပွဲများနှင့် တိုက်ဆိုင်နေသဖြင့် အုပ်စုအစနှစ်ပွဲကို လွဲချော်ခဲ့ကာ လာအိုနှင့်ပွဲမှ စတင်ပါဝင်နိုင်ခြင်းဖြစ်သည်။

ဒီဇင်ဘာ ၁၂ ရက်က ဖိလစ်ပိုင်အသင်းနှင့် အဝေးကွင်း၌ တစ်ဂိုးစီသရေကျသည့်ပွဲတွင်လည်း မြန်မာအသင်းတောင်ပံကစားသမား မောင်မောင်လွင်က အကောင်းဆုံးဆုရရှိခဲ့သည်။

သတင်း - ကိုညီလေး၊ ဓာတ်ပုံ - AFF

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး

# ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တော်သို့ သွားရောက်မည်




**ဂါဇာစီးတီး ဒီဇင်ဘာ ၁၉**

ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်သည် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တော်သို့ သွားရောက်မည်ဖြစ်ကြောင်း ပါလက်စတိုင်း သံတမန်တစ်ဦးက ယမန်နေ့တွင် ပြောကြားသည်။

အဆိုပါ ခရီးစဉ်သည် ရလဒ်ကောင်းများထွက်ပေါ်ရန် အလားအလာရှိနေသည့် ဟားမတ်စ်နှင့် အစ္စရေးတို့ကြား ယာယီအပစ်အခတ်ရပ်စဲရေး ဆွေးနွေးမှုများ လုပ်ဆောင်လျက်ရှိစဉ် ထွက်ပေါ်လာခြင်းဖြစ်သည်။

ဒီဇင်ဘာ ၁၉ ရက်တွင် ကိုင်ရိုမြို့တော်၌ ကျင်းပမည့် D-8 အဖွဲ့၏ (၁၁)ကြိမ်မြောက် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ထိပ်သီးအစည်းအဝေးသို့ ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ် တက်ရောက်မည် ဖြစ်ကြောင်း အီဂျစ်နိုင်ငံဆိုင်ရာ ပါလက်စတိုင်းသံအမတ်ကြီး ဒီရယ်အယ်လ်လေ့ဇ်က ပြောကြားသည်။

အဆိုပါ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် အီဂျစ်သမ္မတ အယ်လ်စီစီက ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်အား ဖိတ်ကြားခဲ့ခြင်းဖြစ်သည်။

ပါလက်စတိုင်း-အီဂျစ်တို့၏ ပူးပေါင်းကြိုးပမ်းမှုများတွင် ပါလက်စတိုင်းပြည်သူများအား စာနာထောက်ထားသောအားဖြင့် စစ်ပွဲများအဆုံးသတ်ရန်၊ အီဂျစ်နိုင်ငံ၏ အကာအကွယ်ကို သေချာစွာရရှိစေရန်၊ အကူအညီများပေးအပ်ရန်နှင့် လက်ရှိဖြစ်ပွားနေသော ပဋိပက္ခကြောင့် ပျက်စီးဆုံးရှုံးမှုများကို ပြန်လည်တည်ဆောက်ရန် ဆွေးနွေးမည်ဖြစ်ကြောင်း အီဂျစ်နိုင်ငံဆိုင်ရာ ပါလက်စတိုင်းသံအမတ်ကြီး ဒီရယ်အယ်လ်လေ့ဇ်က ပြောကြားသည်။

ပါလက်စတိုင်း နယ်မြေများကို အစ္စရေးက သိမ်းပိုက်ခြင်းအား အဆုံးသတ်ရန်နှင့် အပြည့်အဝ အချုပ်အခြာအာဏာပိုင်၊ ပထဝီဝင်အနေအထားအရ တစ်ဆက်တည်းရှိပြီး လွတ်လပ်သော ပါလက်စတိုင်းနိုင်ငံကို ထူထောင်မည်ဖြစ်ပြီး အရှေ့ဂျေရုဆလင်ကို ၎င်း၏မြို့တော်အဖြစ် သတ်မှတ်ရန် ကြိုးပမ်းမှုများကိုလည်း ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်က ၎င်း၏မိန့်ခွန်းတွင် ထည့်သွင်း ပြောကြားမည်ဖြစ်ကြောင်း သိရသည်။

D-8 အဖွဲ့ကို ၁၉၉၇ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးမဟာမိတ်အဖွဲ့ဖြစ်သည်။ ၎င်း၏အဖွဲ့ဝင်များသည် ဘင်္ဂလားဒေ့ရှ်၊ အီဂျစ်၊ အင်ဒိုနီးရှား၊ အီရန်၊ မလေးရှား၊ နိုင်ဂျီးရီးယား၊ ပါကစ္စတန်နှင့် တူရကီယဲတို့ ပါဝင်သည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အောင်ကျော်ကျော်

# ယခုနှစ်အတွင်း ဖိလစ်ပိုင်နိုင်ငံသို့ လာရောက်သည့် နိုင်ငံခြားသားခရီးသည် ၅ ဒသမ ၆၅ သန်းရှိ

**မနီလာ ဒီဇင်ဘာ ၁၉**

ဇန်နဝါရီလမှ လက်ရှိအချိန်အထိ ဖိလစ်ပိုင်နိုင်ငံသို့ လာရောက်လည်ပတ်သည့် နိုင်ငံခြားသားခရီးသည် ၅ ဒသမ ၆၅ သန်းရှိကြောင်း ဖိလစ်ပိုင်ခရီးသွားလာရေးဌာန (DOT)မှ ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

ဖိလစ်ပိုင်နိုင်ငံသည် ယခုနှစ်အတွင်း နိုင်ငံခြားသားခရီးသည် ၅၆၄၆၃၅၁ ဦး လာရောက်မှုကို ကြိုဆိုခဲ့သော်လည်း ၂၀၂၄ ခုနှစ်၏ ရည်မှန်းချက် ၇ ဒသမ ၇ သန်းကို ပြည့်မီခြင်းမရှိသေးကြောင်း အေဂျင်စီ၏အချက်အလက်များတွင် ဖော်ပြထားသည်။

နိုင်ငံခြားသားခရီးသည်များအနက် ၉၁ ဒသမ ၆၆ ရာခိုင်နှုန်းသည် နိုင်ငံခြားသား ခရီးသည်များဖြစ်ပြီး ကျန် ၈ ဒသမ ၃၄ ရာခိုင်နှုန်းသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသည့် ဖိလစ်ပိုင်နိုင်ငံသားများဖြစ်ကြောင်း ခရီးသွားလုပ်ငန်းအတွင်းဝန် ခရစ္စတီးနား ဂါစီယာ ဖရာစကိုက ပြောသည်။ ယခုနှစ် ဇန်နဝါရီမှ ဒီဇင်ဘာ ၁၅ ရက်အထိ ခရီးသွားလုပ်ငန်းမှ ဝင်ငွေရရှိမှုသည် ပီဆို ၇၁၂ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၁ ဘီလီယံခန့်)ရှိကြောင်း သိရသည်။

တရုတ်၊ အမေရိကန်နှင့် ဂျပန်တို့ပြီးနောက် တောင်ကိုရီးယားသည် ဖိလစ်ပိုင်နိုင်ငံ၏ နိုင်ငံခြားခရီးသွားများ အများဆုံးလာရောက်သည့် နိုင်ငံဖြစ်ကြောင်း ကိန်းဂဏန်းအချက်အလက်များက ဖော်ပြသည်။

၂၀၂၃ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံသို့ လာရောက်လည်ပတ်သည့် နိုင်ငံခြားသားခရီးသည်ပေါင်း ၅၄၅၀၅၅၇ ဦး ဝင်ရောက်ခဲ့ပြီး ၉၁ ဒသမ ၈ ရာခိုင်နှုန်းမှာ နိုင်ငံခြားသားများဖြစ်ပြီး ကျန်ခရီးသည်များမှာ ပြည်ပမှ ပြန်လည်ရောက်ရှိသည့် ဖိလစ်ပိုင်နိုင်ငံသားများဖြစ်သည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်

# အစ္စရေးခရီးသွားလုပ်ငန်းဆိုင်ရာ စီမံကိန်း ၅၅ ခုအတွက် အမေရိကန်ဒေါ်လာ ၁၁၄ သန်း ရင်းနှီးမြှုပ်နှံမည်

**ဂျေရုဆလင် ဒီဇင်ဘာ ၁၉**

အစ္စရေးနိုင်ငံတစ်ဝန်း၌ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးသွားလုပ်ငန်းဆိုင်ရာ စီမံကိန်း ၅၅ ခုတွင် အမေရိကန်ဒေါ်လာ ၁၁၄ သန်းခန့် ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း အစ္စရေးခရီးသွားလာရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၁၇ ရက်တွင် ပြောကြားသည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှုသည် အစ္စရေး၊ ဟားမတ်စ်နှင့် ဟစ်ဇ်ဘိုလာတို့ ပဋိပက္ခဖြစ်ပွားမှုကြောင့် ပြီးခဲ့သည့်အောက်တိုဘာလမှစပြီး အစ္စရေးနိုင်ငံအတွင်းရှိ ခရီးသွားလုပ်ငန်းအားလုံး ရပ်တန့်ခဲ့ပြီးနောက် ပြည်တွင်း၊ ပြည်ပခရီးသွားများ နိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ပြင်ဆင်မှု၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း အစ္စရေးခရီးသွားလာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဓိကခရီးသွားလုပ်ငန်းစီမံကိန်းများတွင် အမွေအနှစ်စင်တာများ၊ လမ်းမကြီးများ၊ လေဆာရှိုးပွဲများ၊ ပန်းခြံများ၊ လည်ပတ်သွားလာရေး အစီအစဉ်များ၊ ဆွဲဆောင်မှုရှိသောနေရာများနှင့် စက်ဘီးလမ်းများ စသည်တို့ပါဝင်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်

# ပါကစ္စတန်နိုင်ငံ၌ လူကုန်ကူးမှုတိုက်ဖျက်ရေး ထိရောက်စွာဆောင်ရွက်မည်

**အစ္စလာမ္မာဘတ် ဒီဇင်ဘာ ၁၉**


ပါကစ္စတန်နိုင်ငံ၌ လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် ထိရောက်သည့် နည်းလမ်းများဖြင့် ဆောင်ရွက်ရန် တာဝန်ရှိသူများအား ဝန်ကြီးချုပ် ရှာဘတ်ရှာရစ်က ညွှန်ကြားခဲ့သည်။

လူကုန်ကူးမှုများအား ပါကစ္စတန်နိုင်ငံသားများက ကျူးလွန်နေကြသဖြင့် အရှက်ရမိကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

**ထိရောက်စွာအရေးယူဆောင်ရွက်**

မကြာသေးမီက ဂရိနိုင်ငံတွင်ဖြစ်ပွားခဲ့သည့် ရေယာဉ်တိမ်းမှောက်မှုတွင် လူကုန်ကူးခံရသည့် ပါကစ္စတန်နိုင်ငံသားများသေဆုံးခဲ့ရမှုနှင့် စပ်လျဉ်း၍ ပါကစ္စတန်နိုင်ငံသားများအား အခြားနိုင်ငံများသို့ လူကုန်ကူးခဲ့သူများအပေါ် ထိရောက်စွာအရေးယူဆောင်ရွက်ရန် တာဝန်ရှိသူများအား ၎င်းကထပ်လောင်း ညွှန်ကြားခဲ့သည်။

ပြီးခဲ့သည့်လများအတွင်း လူကုန်ကူးမှုကျူးလွန်သူ ၁၇၄ ဦးကို ဖမ်းဆီးအရေးယူခဲ့ကြောင်း သိရသည်။



လူကုန်ကူးမှုပပျောက်ရေးအတွက် နယ်စပ်များတွင် စောင့်ကြည့်ရေးစနစ်များကို မြှင့်တင်ရန်လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ

# အမေရိကန်ပြည်ထောင်စု၌ ကြက်ငှက်တုပ်ကွေးရောဂါ H5N1 ကူးစက်ခံစားရသူတစ်ဦး ပထမဆုံးအကြိမ် စစ်ဆေးတွေ့ရှိ

**ဝါရှင်တန် ဒီဇင်ဘာ ၁၉**

အမေရိကန်ပြည်ထောင်စု၌ ကြက်ငှက်တုပ်ကွေးရောဂါ H5N1 ကူးစက်ခံရသူတစ်ဦးကို ပထမဆုံးအကြိမ် စစ်ဆေးတွေ့ရှိခဲ့ကြောင်း ကျန်းမာရေးအာဏာပိုင်များက ယမန်နေ့တွင် ပြောကြားသည်။

အဆိုပါရောဂါ ခံစားနေရသူတစ်ဦးကို လူဝီစီယားနားပြည်နယ်ရှိ ဆေးရုံတစ်ရုံတွင် ဆေးဝါးကုသပေးလျက်ရှိကြောင်း အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ဒီဇင်ဘာ ၁၈ ရက်တွင် ပြောကြားသည်။

ကြက်ငှက်တုပ်ကွေးရောဂါသည် လူတစ်ဦးမှ တစ်ဦးသို့ ကူးစက်ပျံ့နှံ့မှုမရှိကြောင်းကို အတည်ပြုထားပြီး ဖြစ်သည့်အတွက် အများပြည်သူ ကျန်းမာရေးအခြေအနေအတွက် စိုးရိမ်ဖွယ်မရှိကြောင်း အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

ရောဂါဖြစ်ပွားမှု၏ အကြောင်းရင်းခံကို စုံစမ်းစစ်ဆေးခဲ့ရာ ရောဂါကူးစက်ခံရသူသည် ၎င်း၏ အိမ်နောက်ဖေး၌ ဖျားနာပြီး သေဆုံးနေသည့်ငှက်များနှင့် ထိတွေ့မှုရှိခဲ့ကြောင်း သိရသည်။

ဧပြီလကတည်းက အမေရိကန်တွင် H5N1 ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားသူ ၆၀ ကျော်ရှိပြီး မျက်လုံးနီခြင်းကဲ့သို့ အပျော့စား လက္ခဏာများခံစားရကြောင်း သိရသည်။ လူနာအများစုသည် ရောဂါပိုးရှိသော ငှက်များသို့မဟုတ် ကျွဲ၊ နွားများနှင့် ထိတွေ့ခြင်းကြောင့် ကူးစက်ခံရခြင်းဖြစ်သည်။

ယခု စစ်ဆေးတွေ့ရှိသည့် ကြက်ငှက်တုပ်ကွေးရောဂါ H5N1 ကူးစက်ခံထားရသူသည် အမေရိကန်ရှိ တောရိုင်းငှက်များနှင့် ကြက်ငှက်များတွင် မကြာသေးမီက တွေ့ရှိခဲ့သည့် အခြားဗိုင်းရပ်စ်များနှင့် ဆက်စပ်သည့်အပြင် ကနေဒါနိုင်ငံ၌ နိုဝင်ဘာလက အတည်ပြုခဲ့သည့် ကြက်ငှက်တုပ်ကွေးရောဂါ လူသားကူးစက်မှုဖြစ်စဉ်နှင့်လည်း ဆက်စပ်လျက်ရှိကြောင်း အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - အောင်ကျော်ကျော်

# ကင်ညာနိုင်ငံ၏ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်နိုင်ငံက တက်ကြွစွာဆောင်ရွက်

**နိုင်ရိုဘီ ဒီဇင်ဘာ ၁၉**

ကင်ညာနိုင်ငံ၏ အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်ရေး အပါအဝင် ကဏ္ဍစုံ ခေတ်မီတိုးတက်ရေးတွင် နိုင်ငံအတွင်း လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသည့် တရုတ်ကုမ္ပဏီများ၏ တက်ကြွစွာဆောင်ရွက်မှုကြောင့် အောင်မြင်မှုများရရှိခဲ့ကြောင်း မြို့တော်နိုင်ရိုဘီတွင် ကင်ညာ-တရုတ် စီးပွားရေးနှင့် ကုန်သွယ်ရေးအဖွဲ့က ဒီဇင်ဘာ ၁၇ ရက်တွင် ထုတ်ပြန်သည့် အစီရင်ခံစာအရ သိရသည်။

၂၀၂၂-၂၀၂၃ ခုနှစ်အတွက် ကင်ညာ-တရုတ် စီးပွားရေးနှင့် ကုန်သွယ်ရေးအဖွဲ့က ပြုစုထားသော ၎င်းအစီရင်ခံစာတွင် တရုတ်နိုင်ငံမှ ကုမ္ပဏီများသည် ကင်ညာနိုင်ငံ၏ ရေရှည်တိုးတက်မှုနှင့် အသွင်ကူးပြောင်းရေး အစီအစဉ်ကို ပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

**ပြောကြား**

အဆိုပါ အစီရင်ခံစာတွင် ကင်ညာနိုင်ငံရှိ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျွမ်းကျင်မှုနှင့် နည်းပညာများ မြှင့်တင်ရေး၊ ဒေသခံများအတွက် အလုပ်အကိုင် ဖန်တီးရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ကူးလူးဆက်ဆံမှုများမှတစ်ဆင့် ကင်ညာနိုင်ငံခေတ်မီ တိုးတက်ရေးအတွက် တရုတ်နိုင်ငံရှိ လုပ်ငန်းများက ကြီးမားသော ပံ့ပိုးကူညီမှုပေးအပ်ခြင်းကို အတည်ပြုခဲ့ကြောင်း ကင်ညာနိုင်ငံ လမ်းပန်းဆက်သွယ်ရေးနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် မိုဟာမက် ဒတ်ဟာက ပြောကြားသည်။

၂၀၂၂-၂၀၂၃ ကာလတွင် ကင်ညာနိုင်ငံသား ၆၀၀၀၀ ကျော်ကို တရုတ်ကုမ္ပဏီများက အလုပ်အကိုင်များ ပေးအပ်ခဲ့သည်။

တရုတ်-ကင်ညာ နှစ်နိုင်ငံစလုံးသည် စီးပွားရေးစကြံအောက်တွင် အရည်အသွေးမြင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ဆောင်ရွက်နေကြောင်း ကင်ညာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ သံမှူး ဇောင်ဇန်ချန်းက ပြောကြားသည်။

တရုတ်နိုင်ငံမှ လုပ်ငန်းများသည် စာသင်ကျောင်းများ၊ စာကြည့်တိုက်များ ဆောက်လုပ်ပေးခြင်းဖြင့် ကင်ညာနိုင်ငံသားများ၏ လူနေမှုဘဝကို မြှင့်တင်ပေးခဲ့ကြောင်း နိုင်ရိုဘီ အမြန်လမ်းကိုစီမံခန့်ခွဲသည့် ကုမ္ပဏီ၏ တာဝန်ရှိသူ ဂျာနီအွန်အီရိုက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - စိုးသူရ

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင် ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၇ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဝါးခယ်မမြို့နယ်နှင့် မအူပင်မြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်သုံးစီး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၁၅၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဒီဇင်ဘာ ၁၈ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မင်းလှမြို့နယ် ညောင်ပင်သာမြို့ အဝင်စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တိုက်ကြီးမြို့နယ်နှင့် လှည်းကူးမြို့နယ်တို့၌ တရားမဝင် သစ်မာ ၃ ဒသမ ၀၀၆ တန်နှင့် အခြားသစ် ၂ ဒသမ ၁၇၀ တန် (စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃၉၂၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မန္တလေးဘူတာကြီး၌ ရန်ကုန်-မန္တလေးအဆန်ရထား၊ ပါဆယ်(၁)ရထားတွဲပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာ ပါရှိလာသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ်၄၄၀၄၅၀၄၀)ကိုလည်းကောင်း၊ ကျောက်ဆည်မြို့ မြို့ရှောင်လမ်းအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၄၅၂၆၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီး ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၀၀၀၀၀၀၀ကို လည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၅၉၀၃၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




ကရင်ပြည်နယ်၌ သိမ်းဆည်းရမိမှု။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ မော်လမြိုင်မြို့မှ နေပြည်တော်သို့ မောင်းနှင်လာသည့် ယာဉ်နှစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်းငါးမျိုး (ခန့်မှန်း တန်ဖိုးငွေကျပ် ၈၇၁၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Sunlong Bus တစ်စီး၊ King Long Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၇၁၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရဲသာ ယာယီယာဉ်စစ်ကွင်း၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့်လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး၊ စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၁၈၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၁၈၀၀၀၀ ကိုသိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့နယ် ပန်ကွဲရွာအနီး လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်း နှစ်မျိုး (စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၅၆၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကိုလည်းကောင်း၊ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ၁၄ လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း ၅၃ မျိုး၊ လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေ ၇၉၇၃၈၈၄၅၉ ကျပ်)ကို လည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ ရှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံး ပစ္စည်းနှစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေ ၃၀၉၃၃၈၂၉၅ ကျပ်)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၁၁၇၃၇၈၂၇၅၄ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၉ မှု (ခန့်မှန်း တန်ဖိုးငွေ ၁၄၁၅၂၀၅၀၅၄ ကျပ်)ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင် ကုန်သွယ်မှုများကြောင့် တရားဝင်ဆောင်ရွက်သည့် လုပ်ငန်းများ၏ ထုတ်လုပ်မှု၊ ရောင်းချမှုနှင့် တင်သွင်းမှုများ လျော့ကျလာစေပြီး အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးနိုင်မှုနှင့်အခွန်ပေးဆောင်နိုင်မှု ကျဆင်းခြင်းတို့ကို ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်၍ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

---

❃ ASEAN Cup မှ

အုပ်စု (A) တွင် ဆီမီးဖိုင်နယ် တက်ရောက်ရေး လက်ကျန်တစ်နေရာအတွက် စင်ကာပူနှင့် မလေးရှားအသင်း အခွင့်အရေးကောင်းနေပြီး ကမ္ဘောဒီးယားအသင်းမှာမူ ထိုင်းနှင့် အဝေးကွင်း ကစားရမည်ဖြစ်သောကြောင့်အခွင့်အရေးနည်းနေသည်။ ထို့ကြောင့် ထိပ်တိုက်တွေ့ဆုံနေသည့် မလေးရှားနှင့် စင်ကာပူပွဲမှာ အဆုံးအဖြတ်ဖြစ်နေပြီး မလေးရှားအသင်းက အနိုင်ရမှသာ နောက်တစ်ဆင့် တက်ရောက်နိုင်မည်ဖြစ်ကာ စင်ကာပူအသင်းက သရေအထိ မျှော်လင့်ချက်ရှိနေသည်။

အုပ်စု (B) နောက်ဆုံးနေ့အဖြစ် ဒီဇင်ဘာ ၂၁ ရက် မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် ဗီယက်နမ်နိုင်ငံ ဗီယက်ထရိုင်မြို့ရှိ ဗီယက်ထရိုင်ကွင်း၌ ဗီယက်နမ်အသင်းနှင့် မြန်မာအသင်း၊ အင်ဒိုနီးရှားနိုင်ငံ ဆူရာကာတာမြို့ရှိ မာနာဟန်ကွင်း၌ အင်ဒိုနီးရှားအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ယှဉ်ပြိုင်ပွဲကစားမည်ဖြစ်သည်။ အုပ်စု (B) တွင် ဗီယက်နမ်အသင်းက သုံးပွဲကစား ခုနစ်မှတ်၊ အင်ဒိုနီးရှားနှင့် မြန်မာအသင်းက သုံးပွဲကစား လေးမှတ်စီ၊ ဖိလစ်ပိုင်အသင်းက သုံးပွဲကစား သုံးမှတ်ရထားပြီး လာအိုအသင်းမှာမူ ပွဲကုန်လေးပွဲကစား နှစ်မှတ်ရရှိသည်။ ဆီမီးဖိုင်နယ်တက်ရောက်ရန် အသင်းလေးသင်း အခွင့်အရေးရှိနေသော်လည်း ဗီယက်နမ်အသင်းက အခွင့်အရေးအသာဆုံးဖြစ်နေသည်။ မြန်မာအသင်းသည် ဗီယက်နမ်နှင့် အဝေးကွင်းကစားရမည်ဖြစ်သောကြောင့် ရှုံးကန်ရနိုင်သော်လည်း သရေအထိ နောက်တစ်ဆင့်တက်ရန် မျှော်လင့်ချက်ရှိနေသည်။ ရမှတ်မကွာခြားသဖြင့် မြန်မာအသင်းအနေဖြင့် သရေ သို့မဟုတ် အနိုင်ရသည့်တိုင် အင်ဒိုနီးရှား-ဖိလစ်ပိုင်ပွဲရလဒ်ကို စောင့်ကြည့်ရမည်ဖြစ်သည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-သော်ကြီး**

---

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၀-၁၂-၂၀၂၄ သောကြာနေ့

### MRTV HD

- ၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တာသုတ်၊ ရတနသုတ်၊ တောရွှေဂ်သုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ အမျိုးသားအားကစားပွဲတော် (Highlights)(15)
- ၀၉:၁၀ လုပစ္စာပုံဖော်ထုဆစ်ထားသလ္လာမြေမှ သဘာဝတွင်းထွက်ကျောက်အလှဆင်ပစ္စည်းများ
- ၀၉:၄၀ Soccer View
- ၁၀:၃၅ လူမှုစီးပွားသတင်းများ
- ၁၂:၃၅ မြန်မာဇာတ်လမ်းတွဲ **'ရတနာစုံ'** (အပိုင်း-၅)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ အမျိုးသားအားကစားပွဲတော်ဝုဏ်ပြတေး
- ၁၄:၂၀ ၂၀၂၄ ခုနှစ်၊ ပဥ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ(ဗိုလ်လုပွဲ) (ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်း)၊ ဆုချီးမြှင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှု
- ၂၀:၄၅ အမျိုးသားအားကစားပွဲတော်ဝုဏ်ပြတေး
- ၂၁:၀၀ **'အမျိုးသားအားကစားပွဲတော်'** ဝုဏ်ပြုနှုတ်ဆက် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
- ၂၂:၀၀ ပြည်တွင်းည(၁၀)နာရီသတင်း နိုင်ငံတကာသတင်း

### mitv

- 07:01 Evergreen Classic: Myanma Panorama and Myanma Sentiment
- 07:08 Pauk Thit Basketry Village
- 07:27 Sarus Crane in Myanmar
- 07:38 Swiftlet Birds (Aerodramus Fuciphagus) (Part-II)
- 08:01 News
- 08:26 Asia Updates; Disappearing Forests
- 08:50 Christmas Song
- 09:01 Lest We Forget Great Gratitude Of Parents: Kedara Parrot King Drama (Part-3) Residence of Rich Man, Kothiya
- 09:13 Myanmar Avocado In The Global Market
- 09:40 Finding Ways for Coexistence between People and Elephants
- 09:54 Dances of Myanmar: Rvwang Azulam Dance
- 10:01 News
- 10:26 Lifestyle & Entertainment (Weekly Updates)

### MRTV NRC

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
အိပ်မက်လမ်းသို့ခရီးရှည် (ချီထုဗန်ကျေးရွာမှ ဇံယောကျေးရွာသို့)

**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
သဘာဝကပေးသက်ရှည်ဆေး

**ဝကောကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ဟံသာဝတီပဲခူး

**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၂၁)

**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
ပန်းလိုမွှေး၍စွမ်းသည့်ဆေး

**ချင်း (လိုင်ဇိုး) (၁၃:၀၀ မှ ၁၄:၀၀)**
တေးသံရှင်ဘီလီငွန်ကျူးဘိမ်(ရင်တွင်းသီချင်း)

**ချင်း (ချိုး) (၁၄:၀၀ မှ ၁၅:၀၀)**
ရှားပါးသတ္တဝါတို့ရဲ့မှုရင်းဌာနေခါနူး(မ်)သုမ်

**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
ရာသီစာသပြုသီးဟင်းလျာ

**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
ရီအုန်းတောင်သူရို့၏ဘဝ

**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
ခေတ်သစ်ရှမ်း၊ တိုင်းလုံ၊ မောရှမ်း၊ ဂုံရှမ်း၊ တိုင်းနေတို့၏ ဝတ်စားဆင်ယင်မှုများ

**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည်(အပိုင်း-၃)

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၄၅ ရသစုံစွာ ဤမြေကမ္ဘာ
- ၁၀:၄၅ Soccer View
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၉:၄၅ Football Highlihgts
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ **'ရုရှားနိုင်ငံ'**
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'မမှန်သတင်းပေးခြင်း'**
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ **'စစ်မှုထမ်းဥပဒေမကျင့်သုံးသေးတဲ့ နိုင်ငံများအကြောင်း'**
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း **'ကိုရီးယားနိုင်ငံ'** (အပိုင်း-၂)
- ၁၄:၃၀ အမျိုးသားအားကစားပွဲတော်ပိတ်ပွဲ(LIVE)

### MRTV FARMERS' / HTV Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၅ ဝါသီးနှံသီးညှပ်စိုက်ပျိုးဝင်ငွေနှစ်ဆတိုး
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၃၅ Gardeners' World - Episode 4
- ၁၉:၂၀ Rose Tour
- ၁၉:၄၅ IInternational Music Hits
- ၂၀:၀၀ ကျားလန်မမိုးတာတေတိုး(ဇာတ်လမ်း)
- ၂၂:၀၀ Hidden.Figures.2016 (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS / HTV Sports

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Soccer View
- ၀၇:၀၀ အားကစားသတင်း
- ၀၇:၂၀ National Sports Highlights
- ၁၇:၀၀ ၂၀၂၄ ခုနှစ်၊ ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ပိတ်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှု

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု မြန်မာစာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

ဒေါက်တာလွင်မာဦး ပါမောက္ခ(ဌာနမှူး) မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

ယခုပို့ချချက်သည် ၂၀၂၅ ခုနှစ် မတ်လ၌ ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် မြန်မာစာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများဖြစ်ပါသည်။ ပို့ချရခြင်း၏ ရည်ရွယ်ချက်မှာ ပြဋ္ဌာန်းစာများကို လေ့လာကျက်မှတ်ရာတွင် အဆင်ပြေချောမွေ့ပြီး စာမေးပွဲကို ထူးချွန်ပေါက်မြောက်စွာ ဖြေဆိုနိုင်ရန်ဖြစ်ပါသည်။ ယခုသင်ရိုးသည် ကျောင်းသား ကျောင်းသူများ လက်တွေ့ဘဝတွင် ထိရောက်စွာအသုံးပြုနိုင်ရန် မြန်မာဘာသာစကား၏ စွမ်းရည်လေးရပ်ဖြစ်သော အပြောအဆိုစွမ်းရည်၊ အနာအကြားစွမ်းရည်၊ အဖတ်အရွတ်စွမ်းရည်၊ အရေးအသားစွမ်းရည်တို့ စနစ်တကျမြင့်မားတိုးတက်လာစေရန် ရည်ရွယ်ပြီး သင်ကြားခြင်းဖြစ်ပါသည်။ ယခုပို့ချချက်တွင် မေးခွန်းပုံစံနှင့် လိုက်လျောညီစွာ အံဝင်ခွင်ကျ ဖြေဆိုနိုင်ရေးအတွက် ဆွေးနွေးတင်ပြမည်ဖြစ်ပါသည်။

မြန်မာစာဘာသာရပ်ကို လေ့လာရာတွင် တွေးခေါ်စဉ်းစားသည့် အလေ့အထနှင့် စာရေးသားသည့် အလေ့အကျင့်များ ရရှိစေရန်အတွက် စာပေနှင့် ဘာသာစကားကို သင်ကြားလေ့ကျင့်ပေးခြင်း ဖြစ်ပါသည်။ ထိုသို့ သင်ကြားလေ့ကျင့်ပေးခြင်းဖြင့် ကျောင်းသား ကျောင်းသူများသည် မှတ်မိခြင်း၊ နားလည်ခြင်း၊ အသုံးချခြင်း၊ စိတ်ပိုင်းခြားခြင်း၊ အကဲဖြတ်ခြင်း၊ တီထွင်ဖန်တီးခြင်းဟူသော အဆင့်များကို တိုးတက်ရရှိလာကာ အဆင့်မြင့် စဉ်းစားတွေးခေါ်မှု စွမ်းရည်များ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

**ပြဋ္ဌာန်းစာနှင့် မေးခွန်းဖွဲ့စည်းမှု**

ဒွါဒသမတန်း(တက္ကသိုလ်ဝင်တန်း) မြန်မာစာဘာသာရပ်အတွက် သတ်မှတ်ပြဋ္ဌာန်းထားသော ကျောင်းသုံးစာအုပ်တွင် အပိုင်း (၃)ပိုင်း ပါဝင်ပါသည်။ ထိုအပိုင်း(၃)ပိုင်းမှာ အပြောသင်ခန်းစာ၊ အဖတ်အရွတ်သင်ခန်းစာနှင့် အရေးသင်ခန်းစာတို့ဖြစ်ပါသည်။

မြန်မာစာမေးခွန်းတွင် မေးခွန်းကြီး(၇ )ပုဒ် ပါဝင်ပါသည်။ ဓမ္မဓိဋ္ဌာန်မေးခွန်းကြီး (၁)ပုဒ်၊ မေးခွန်းတိုများ ပါဝင်သည့် မေးခွန်းကြီး (၁)ပုဒ်၊ ကဗျာမေးခွန်းရှည်ကြီး (၁)ပုဒ်၊ စကားပြေ မေးခွန်းရှည်ကြီး (၁)ပုဒ်၊ ရေသည်ပြဇာတ်မေးခွန်းရှည်ကြီး (၁)ပုဒ်၊ စာစီစာကုံး မေးခွန်းကြီး (၁)ပုဒ်နှင့် အဆိုဆွေးနွေးချက်ပါဝင်သည့် မေးခွန်းကြီး (၁)ပုဒ်၊ စုစုပေါင်း (၇)ပုဒ်ဖြစ်ပါသည်။ တချို့မေးခွန်းများတွင် ရွေးချယ်စရာ မေးခွန်းများလည်း ပါဝင်ပါသည်။

**မေးခွန်းတစ်ပုဒ်ချင်း ရှင်းလင်းချက်**

<u>မေးခွန်းနံပါတ်(၁)</u>

တက္ကသိုလ်ဝင်တန်း မြန်မာစာမေးခွန်းလွှာတွင် မေးခွန်းနံပါတ်(၁)သည် ဓမ္မဓိဋ္ဌာန်မေးခွန်းဖြစ်ပါသည်။ ကျောင်းသား ကျောင်းသူများသည် သင်ခန်းစာများကို အမှန်တကယ် နားလည်သဘောပေါက်ခြင်း ရှိ၊ မရှိ၊ ကျေညက်ခြင်း ရှိ၊ မရှိတို့ကို ဆန်းစစ်ကြည့်နိုင်သည့် မေးခွန်းမျိုးဖြစ်ပါသည်။ တကယ်နားလည်သဘောပေါက်ပြီး ကျေညက်ခြင်းရှိပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းပုံစံပင်ဖြစ်ပါသည်။

ဤဓမ္မဓိဋ္ဌာန်မေးခွန်းတွင် ပုဒ်ခွဲ(က)၊ ပုဒ်ခွဲ(ခ)နှင့် ပုဒ်ခွဲ(ဂ)ဟူ၍ အပိုင်းသုံးပိုင်း ပါဝင်ပါသည်။ ယင်းအပိုင်းတွင် အပြောသင်ခန်းစာများ၊ အဖတ်အရွတ်သင်ခန်းစာများနှင့် အရေးသင်ခန်းစာများမှ ဓမ္မဓိဋ္ဌာန်မေးခွန်းများပါဝင်ပါသည်။

မေးခွန်း ၁(က) တွင် မှားမှန်ရောထွေး အမှန်ရွေးသည့် မေးခွန်းကို မေးထားပါသည်။ ဤမေးခွန်းတွင် အပြောသင်ခန်းစာများ၊ အဖတ်အရွတ်သင်ခန်းစာများနှင့် အရေးသင်ခန်းစာများပါဝင်ပြီး ပေးမှတ်မှာ(၁၀)မှတ် ဖြစ်ပါသည်။ တိတိကျကျဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုးဖြစ်ပါသည်။

**နမူနာ**

၁။ (က) အောက်ပါတို့ကို မှားလျှင်(မှား)၊ မှန်လျှင်(မှန်) ဟု ဖြေဆိုပါ။ (၁၀ မှတ်)

( ၁ ) အသံအနိမ့်အမြင့်နှင့် ဝါကျနိမ့်မြင့်သံများသည် ထိထိရောက်ရောက် စကားပြောဆိုရာတွင် အရေးပါလှသည့် သဘောတရားများအနက်မှ ၂ ခု ဖြစ်သည်။

မေးခွန်း ၁(ခ)တွင် ကွက်လပ်ဖြည့်သည့် မေးခွန်းကို မေးထားပါသည်။ ဤမေးခွန်းတွင် အပြောသင်ခန်းစာများ၊ အဖတ်အရွတ်သင်ခန်းစာများနှင့် အရေးသင်ခန်းစာများပါဝင်ပြီး ပေးမှတ်မှာ (၁၀) မှတ် ဖြစ်ပါသည်။ တိတိကျကျဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုးဖြစ်ပါသည်။

**နမူနာ**

၁။ ( ခ ) အောက်ပါတို့ကို ကွက်လပ်ဖြည့်ပါ။ (၁၀ မှတ်)

( ၁ ) ခေတ်စကားပြေကို ________ ခေတ်တွင် ရေးခဲ့သည်။

မေးခွန်း ၁(ဂ)တွင် ပေးထားသည့် ရွေးချယ်စရာ သုံးခုထဲမှ အမှန်တစ်ခုကို ရွေးချယ်ရသည့် မေးခွန်းကို မေးထားပါသည်။ ဤမေးခွန်းတွင် အပြောသင်ခန်းစာများ၊ အဖတ်အရွတ်သင်ခန်းစာများ၊ အရေးသင်ခန်းစာများပါဝင်ပြီး ပေးမှတ်မှာ (၁၀)မှတ် ဖြစ်ပါသည်။ တိတိကျကျဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုးဖြစ်ပါသည်။

**နမူနာ**

၁။ (ဂ) အောက်ပါတို့မှ အဖြေမှန်ကိုရွေးပါ။ (၁၀ မှတ်)

(၁) ရေးဟန်၏ သွင်ပြင် ________ ရှိသည်။

(က) သုံးရပ် (ခ) ငါးရပ် (ဂ) ခြောက်ရပ်

ကျောင်းသား ကျောင်းသူများသည် အပိုင်းတစ်ပိုင်းကို ချန်လှပ်ကျက်မှတ်ခြင်းမျိုး မပြုလုပ်သင့်ဘဲ ပြဋ္ဌာန်းစာ၏ အပိုင်းသုံးပိုင်းလုံးကို လေ့လာထားရပါမည်။ သက်ဆိုင်ရာ သင်ခန်းစာနှင့် ပတ်သက်၍ စေ့စေ့စပ်စပ်သေသေချာချာ လေ့လာကျက်မှတ်ထားရန် လိုအပ်ပါသည်။ တိတိကျကျဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုးဖြစ်သည်။

**မေးခွန်းနံပါတ်(၂)**

မေးခွန်းနံပါတ် (၂) တွင် (မေးခွန်းပုဒ်ခွဲ လေးပုဒ်ပါဝင်ပြီး) ၂(က)သည် ခက်ဆစ်မေးခွန်း၊ ၂(ခ)သည် အလင်္ကာမေးခွန်း၊ ၂(ဂ)သည် ရေသည်ပြဇာတ်စကားစပ်မေးခွန်း၊ ၂(ဃ)သည် အပြောသင်ခန်းစာမေးခွန်းတို ဟူ၍ အပိုင်းလေးပိုင်း ပါဝင်ပါသည်။

မေးခွန်းနံပါတ် ၂(က)သည် ကဗျာ၊ စကားပြေ၊ ရေသည်ပြဇာတ် အပုဒ်များမှ ဝေါဟာရများကို ခက်ဆစ်အဓိပ္ပာယ် ဖွင့်ဆိုစေခြင်းဖြစ်ပါသည်။ ဝေါဟာရ (၇)ခု ပေးထားပြီး (၅)ခု ဖြေဆိုရပါမည်။ ပေးမှတ်မှာ(၅)မှတ် ဖြစ်ပါသည်။ တိတိကျကျဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သော မေးခွန်းမျိုးဖြစ်ပါသည်။

**နမူနာ**

၂။ အောက်ပါတို့ကို ဖြေဆိုပါ။ (၂၀ မှတ်)

၂။ (က) အောက်ပါဝေါဟာရတို့အနက် ငါးခု၏ အဓိပ္ပာယ်ကို တိကျစွာ ဖော်ပြပါ။

စွန့်ကြဲ၊ အဆောတလျင်၊ စေ့စုံ၊ ကျီ၊ ကြိမ်၊ ရဝေ၊ ဘုန်းဟော့။

မြန်မာဝေါဟာရ၏ အဓိပ္ပာယ်သည် အသုံးပြုပုံကိုလိုက်၍ အဓိပ္ပာယ်အမျိုးမျိုး ကွဲပြားတတ်သဖြင့် ခက်ဆစ်မေးခွန်းများကို ဖြေဆိုရာတွင် ပြဋ္ဌာန်းစာပါ အဓိပ္ပာယ်ဖွင့်ဆိုချက်အတိုင်း ဖွင့်ဆိုရန်၊ အဓိပ္ပာယ်ဖွင့်ဆိုပုံတိကျရန် လိုအပ်ပါသည်။ ပြဋ္ဌာန်းစာတွင် ဝေါဟာရကို မည်သည့်အဓိပ္ပာယ်ဖြင့် သုံးနှုန်းထားသည်ကို သိရှိစေလိုသည့်အတွက် ပြဋ္ဌာန်းစာအုပ်ပါ ဝေါဟာရ၏ ခက်ဆစ်အဖွင့်ကို စစ်ဆေးခြင်းဖြစ်ပါသည်။ ထို့ပြင် ပေးထားသောဝေါဟာရ၏ သဒ္ဒါအမျိုးအစားနှင့် အဓိပ္ပာယ်ဖွင့်ဆိုသည့် သဒ္ဒါအမျိုးအစား ကိုက်ညီရန် လိုအပ်ပါသည်။ ပေးထားသော ဝေါဟာရသည် နာမ်ဖြစ်လျှင် အနက်ဖွင့်ဆိုရှင်းပြချက်သည် နာမ်ဖြစ်ရပါမည်။ (သာဓက - ကျီ = စပါး၊ ပဲ စသည် သိုလှောင်ရာအဆောက်အအုံ။) ပေးထားသောဝေါဟာရသည် ကြိယာဖြစ်လျှင် အနက်ဖွင့်ဆိုရှင်းပြချက်သည် ကြိယာဖြစ်ရပါမည်။ (သာဓက- စွန့်ကြဲ = လှူသည်။ ပေးကမ်းသည်။) ပေးထားသောဝေါဟာရသည် နာမဝိသေသနဖြစ်လျှင် အနက်ဖွင့်ဆို ရှင်းပြချက်သည် နာမဝိသေသနဖြစ်ရပါမည်။ (သာဓက- ဘုန်းဟော့ = ဘုန်းရှိသော။) ထို့ပြင် ခက်ဆစ်ဖွင့်ဆိုချက်များတွင် တစ်ချောင်းပုဒ်ခံထားပါက အဓိပ္ပာယ်ပြည့်စုံခြင်း မရှိသေးသည့်အတွက် ဆက်လက် ဖော်ပြရန်လိုအပ်ပါသည်။ (သာဓက - စေ့စုံ = ပြည့်ပြည့်စုံစုံ၊ တိတိကျကျ၊ အကြောင်းစုံ။) ပုဒ်မခံထားသော ဖွင့်ဆိုချက်ဖြစ်ပါက တစ်ခုကို ဖော်ပြလျှင် အများအားဖြင့် လုံလောက်ပါသည်။

မေးခွန်းနံပါတ် ၂(ခ) သည် ပေးထားသော စကားအသုံးအနှုန်းကို မည်သည့် အလင်္ကာမြောက်ကြောင်း ရှင်းပြရသော အလင်္ကာမေးခွန်းဖြစ်ပါသည်။ အလင်္ကာဖြေဆိုရာတွင် ကျောင်းသား ကျောင်းသူများ အမှန်တကယ် နားလည်ဖြေဆိုနိုင်သည့် အဖြေအပေါ်တွင် အကဲဖြတ်အမှတ်ပေးမည်ဖြစ်ပါသည်။ မိမိနားလည်တတ်မြောက်ထားသည့် အလင်္ကာသဘောကို မှန်ကန်စွာဖြေဆိုနိုင်လျှင် အမှတ်ပြည့်ရနိုင်မည် ဖြစ်ပါသည်။ ပေးထားမည့် အလင်္ကာအရေအတွက်မှာ (၇) ခု ဖြစ်ပြီး (၅)ခု ရွေးချယ်ဖြေဆိုရပါမည်။ ပေးမှတ်မှာ (၅)မှတ်ဖြစ်ပြီး တိတိကျကျဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုး ဖြစ်ပါသည်။

**နမူနာ**

၂။ (ခ) အောက်ပါတို့အနက် ငါးခုကို ရွေးချယ်ပြီး မည်သည့်အလင်္ကာမြောက်ကြောင်း ရှင်းပြပါ။

စိန်ပွင့်အုံး၊ ကိစ္စတုံး၊ မာန်စွယ်၊ ဖြုတ်မျက်လုံးလောက်၊ တကြုတ်ကြုတ်၊ ကျတ်တွင်းရေသို့၊ ကြာညွတ်ဖယောင်းနေရှိန်ပျောင်းသို့။

**အဖြေ**– စိန်ပွင့်အုံး = စိန်ပွင့်စိန်ပန်းစီခြယ်ထားသည့် ခေါင်းအုံး (မှီအုံး)ဟု တိုက်ရိုက်မရေးဘဲ စိန်ပွင့်အုံးဟု သွယ်ဝိုက် ရေးဖွဲ့ထားသောကြောင့် ဝက်ဝုတ္တိအလင်္ကာမြောက်ပါသည်။

မေးခွန်းနံပါတ်၂(ဂ) သည် ရေသည်ပြဇာတ် စကားစပ်မေးခွန်းဖြစ်ပါသည်။ မေးထားသော စကားစပ်ပါဝင်သည့်အခန်းနှင့် စကားစပ်ဆိုင်ရာ အချက်(၅) ချက် (ဘယ်သူက၊ ဘယ်သူကို၊ ဘယ်နေရာ၊ ဘယ်အချိန်၊ ဘယ်အတွက်ကြောင့် ပြောရန်ဟူသော အချက်များ)အတွက် (၃) မှတ်၊ ဘာကိုပြောသည်ဟူသော ဆိုလိုရင်းကို ရှင်းလင်းရေးသားပြောဆိုခြင်းအတွက် (၂) မှတ် စုစုပေါင်း(၅)မှတ် ဖြစ်ပါသည်။ ဖြေဆိုရာတွင် လိုရင်းတိုရှင်းဖြေဆိုရန်၊ အခန်းနံပါတ်ကိုသာ ဖော်ပြခြင်းထက် အခန်းအမည်ကိုပါ ယှဉ်တွဲဖော်ပြရန် ပြုသင့်ပါသည်။ တိတိကျကျ ဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုးဖြစ်ပါသည်။

**နမူနာ**

၂။ (ဂ) တရားမထောက်၊ ပျက်ချော်ယွင်းပါး၊ စင်းလုံးချွတ်ကြံမိငြားလျှင်၊ မှားလို့သာ မှောက်ကရော့မယ်။ စိတ်နောက်ကိုယ်ပါ၊ မပြုသာ၊ တိုင်းထွာဦးမှ ကောင်းမလေ။

မေးခွန်းနံပါတ်၂။ (ဃ)သည် အပြောသင်ခန်းစာ မေးခွန်းတိုဖြစ်ပါသည်။ အပိုင်း(၁) အပြောသင်ခန်းစာတွင်ပါဝင်သော အခန်းသုံးခန်းထဲမှ အကြောင်းအရာတစ်ခုခုကို မေးပါမည်။ ဖြေဆိုရာတွင် လိုရင်းတိုရှင်း ရှင်းပြဖြေဆိုရန်ဖြစ်ပြီး ပေးမှတ်မှာ (၅)မှတ်ဖြစ်ပါသည်။ တိတိကျကျ ဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုးဖြစ်ပါသည်။

**နမူနာ**

၂။ (ဃ) စကားပြောခြင်းဆိုင်ရာ နည်းပရိယာယ်များထဲမှ ပေါင်းဖွဲ့စည်းလုံးမှုနည်းပရိယာယ်အကြောင်း ရှင်းပြပါ။

**မေးခွန်းနံပါတ် (၃)**

မေးခွန်းနံပါတ်(၃)သည် ပြဋ္ဌာန်းစာအုပ်ပါ အပိုင်း(၂) အဖတ်အရွတ်သင်ခန်းစာ အခန်း(၁) ကဗျာ(၈)ပုဒ်မှ တစ်ပုဒ်ကို ရွေးချယ်မေးမြန်းသော ကဗျာမေးခွန်းရှည်ဖြစ်ပါသည်။ ဤမေးခွန်းကို စစ်ဆေးအကဲဖြတ်ရာတွင် ကျောင်းသား ကျောင်းသူများ၏ လေ့လာကျက်မှတ်မှုအတွက် ပေးမှတ်၏တစ်ဝက်၊ ကိုယ်ပိုင်အရေးအသားတင်ပြမှု စွမ်းရည်နှင့်အတူ မေးခွန်းကို အံဝင်ခွင်ကျဖြစ်အောင် တင်ပြနိုင်မှုအတွက် ပေးမှတ်တစ်ဝက် သတ်မှတ်ထားပါသည်။ မေးခွန်း၏ ရှုထောင့်အတိုင်း ဖြေဆိုရမည်ဖြစ်ပါသည်။ ကဗျာကို စကားပြေ ဖြေဆိုရေးသားဖြေဆိုမည်ဆိုပါက အချက်အလက် အားလုံးပါဝင်သော်လည်း မေးခွန်း၏ ရှုထောင့်နှင့် မကိုက်ညီပါက ပေးမှတ်တစ်ဝက်အောက်သာ ရမည်ဖြစ်ပါသည်။ မေးခွန်း၏ ရှုထောင့်နှင့်အာဘော်ကို သေသေချာချာဖတ်ရှုပြီး ကိုယ်ပိုင်အရေးအသား အတင်အပြဖြင့် ဖြေဆိုရန်ဖြစ်ပါသည်။ ဤမေးခွန်းအတွက် ပေးမှတ်မှာ (၁၀)မှတ် ဖြစ်ပါသည်။

**နမူနာ**

၃။ ဩဝါဒထူးပျို့ကဗျာမှ အရေးအဖွဲ့ကောင်းများကို လေ့လာတင်ပြပါ။ (၁၀ မှတ်)

**မေးခွန်းနံပါတ်(၄)**

မေးခွန်းနံပါတ်(၄)သည် ပြဋ္ဌာန်းစာအုပ်ပါ အပိုင်း(၂) အဖတ်အရွတ်သင်ခန်းစာ အခန်း(၂) စကားပြေ (၈)ပုဒ်မှ တစ်ပုဒ်ကို ရွေးချယ်မေးမြန်းသော စကားပြေမေးခွန်းရှည် ဖြစ်ပါသည်။ ဤမေးခွန်းကို စစ်ဆေးအကဲဖြတ်ရာတွင် ကဗျာမေးခွန်းရှည်နည်းတူ ကျောင်းသား ကျောင်းသူများ၏ လေ့လာကျက်မှတ်မှုအတွက် ပေးမှတ်တစ်ဝက်၊ မိမိကိုယ်ပိုင်အရေးအသား အတင်အပြ စွမ်းရည်နှင့်အတူ မေးခွန်းကို အံဝင်ခွင်ကျဖြစ်အောင် ဖြေဆိုတင်ပြနိုင်မှုအတွက် ပေးမှတ်တစ်ဝက် သတ်မှတ်ထားပါသည်။ မေးခွန်း၏ရှုထောင့်အတိုင်း ဖြေဆိုရမည် ဖြစ်ပါသည်။ မေးခွန်း၏ ရှုထောင့်ကို သတိမထားဘဲ မိမိအတွက် ကျက်မှတ်ထားသည့်အပုဒ်နှင့် ခေါင်းစဉ်တူသဖြင့် အချက်အလက်များကိုချည်းရေးသားပါက ပေးမှတ်တစ်ဝက်အောက်သာ ရရှိမည်ဖြစ်ပါသည်။ ဤမေးခွန်းအတွက် ပေးမှတ်မှာ (၁၀) မှတ်ဖြစ်ပါသည်။

**နမူနာ**

၄။ စာဘူးတောင်းဆောင်းပါးစကားပြေမှ ဗဟုသုတများကို ဝေဖန်ဆန်းစစ်ပါ။ (၁၀ မှတ်)

**မေးခွန်းနံပါတ်(၅)**

မေးခွန်းနံပါတ်(၅)သည် ပြဋ္ဌာန်းစာအုပ်ပါ အခန်း(၂) အဖတ်အရွတ်သင်ခန်းစာ အခန်း(၃) ရေသည်ပြဇာတ်မှအကြောင်းအရာ သို့မဟုတ် အရေးအသားကို မေးမြန်းသော ပြဇာတ်မေးခွန်းရှည် ဖြစ်ပါသည်။

စာမျက်နှာ ၁၇ သို့ »»

# နှစ်(၅၀)ပြည့် ရွှေရတုရခိုင်ပြည်နယ်နေ့အခမ်းအနား ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသူများအား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ပွဲ ကျင်းပ

**စစ်တွေ ဒီဇင်ဘာ ၁၉**

နှစ်(၅၀)ပြည့် ရွှေရတုရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ်အခမ်းအနားကို အောင်မြင်အောင် ဆောင်ရွက်ရာတွင် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသူများအား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ခြင်းအခမ်းအနားကို ဒီဇင်ဘာ ၁၈ ရက် နံနက်ပိုင်းက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက နှစ်(၅၀)ပြည့် ရွှေရတုရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ်အခမ်းအနားကို ယခုထက်ပိုမို၍ ကျင်းပနိုင်ရန် ရည်ရွယ်ခဲ့သော်လည်း လက်ရှိဖြစ်ပေါ်နေသောအခြေအနေများအရ ယခုကဲ့သို့ ကျင်းပနိုင်ခဲ့ကြောင်း၊ ပြည်နယ်တစ်ခုဖွံ့ဖြိုးတိုးတက်ရန်အတွက် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးသည် အဓိကကျကြောင်း၊ တည်ငြိမ်အေးချမ်းမှုရှိမှ ဒေသဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်မှုရှိမှလည်း ဒေသတည်ငြိမ်အေးချမ်းမည်ဖြစ်ကြောင်း၊ ဒေသတစ်ခုသည် တည်ငြိမ်အေးချမ်းရန်၊ တရားဥပဒေစိုးမိုးရန် အလွန်အရေးကြီးကြောင်း၊ သို့မှသာ မိမိတို့နှင့်ဒေသခံပြည်သူများ၏ လိုအပ်ချက်ဖြစ်သော ဖွံ့ဖြိုးတိုးတက်မှုကိုရရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တရားဥပဒေစိုးမိုးရေး၊ ဒေသတည်ငြိမ်အေးချမ်းရေး၊ ဒေသဖွံ့ဖြိုးရေးအတွက် အားလုံးပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နှစ်(၅၀)ပြည့် ရွှေရတုရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ်အခမ်းအနားကို အားလုံးစည်းစည်းလုံးလုံးဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းကြောင့် ယခုကဲ့သို့ အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးခဲ့ကြသည့် ဝန်ထမ်းများအားလုံးကို ကျေးဇူးတင်အသိအမှတ်ပြုကြောင်းနှင့် ရခိုင်ပြည်နယ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်စေရန်နှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဝိုင်းဝန်းကူညီပေးကြရန် ပြောကြားသည်။



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းများအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်သည်။ ထို့နောက် ဂုဏ်ပြုချီးမြှင့်ခြင်းခံရသူများကိုယ်စား ရေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်အေးနီလာက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# TTTC (ဘယ်လင်း)၌ မက္ကင်းနစ်များအတွက် EV သင်တန်း (၁/၂၀၂၄) ဖွင့်ပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများ သုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာပြန့်ပွားရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ယမန်နေ့ နံနက် ၉ နာရီတွင် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး ဆရာအတတ်သင်ကောလိပ်(TTTC ဘယ်လင်း)တွင် Hybrid စနစ်ဖြင့် ကျင်းပသည့် ကားဝပ်ရှော့များမှ စက်ပြင်ဆရာ(မက္ကင်းနစ်များ)အတွက် ဖွင့်လှစ်သော EV နည်းပညာသင်တန်း (၁/၂၀၂၄) ဖွင့်ပွဲအခမ်းအနားကို ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်သည်။





ဦးစွာ ဒုတိယဝန်ကြီးက နိုင်ငံတော်ရှိ ပြည်သူများ EV သုံးစွဲမှုမှ အကျိုးကျေးဇူးများကို ရရှိခံစားကြစေရေးနှင့် ကမ္ဘာ့နိုင်ငံများနည်းတူ သယ်ယူပို့ဆောင်ရေးကဏ္ဍမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချနိုင်ရေးနှင့် Sustainable Future ကို ဖန်တီးတည်ဆောက်နိုင်ရေးအတွက် EV ကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် ဦးဆောင်ကော်မတီက ၂၀၅၀ ပြည့်နှစ်အထိ မူဝါဒများကို ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

စက်ပြင်ဆရာ(မက္ကင်းနစ်များ)၏ နည်းပညာလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် သိသင့်သော EV နည်းပညာများ၊ မဖြစ်မနေလေ့ကျင့်သင့်သော လက်တွေ့လုပ်ငန်းများဖြင့် အမှန်တကယ်တတ်မြောက်သင့်သည့် ကာလတိုသင်ရိုးကို စနစ်တကျရေးဆွဲခဲ့ပြီး ယခုသင်တန်းကို တိုးချဲ့ဖွင့်လှစ်နိုင်ပြီဖြစ်ကြောင်း၊ သင်တန်းသားများသည် သင်တန်းကာလ (၅ ရက်)အတွင်း မဆုတ်မနစ် ကြိုးပမ်းလေ့ကျင့်သင်ယူကြရန်၊ သင်တန်းပြီးချိန်တွင် သက်ဆိုင်ရာလုပ်ငန်းခွင်များ၌ ပြန်လည်မျှဝေပေးကြရန်နှင့် ပြည်သူများ၏ လက်ဝယ်အရောက် EV အသိပညာ ဖြန့်ဝေမှုများကို ဆက်လက်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

အခမ်းအနားသို့ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနမှတာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးများ တက်ရောက်ကြပြီး သင်တန်းတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ UNR 100၊ ဗို့အားမြင့် မောင်းနှင်ခြင်းစနစ်၊ ဘက်ထရီနည်းပညာ၊ ထိန်းချုပ်စနစ်၊ Special Hand Tools ကိုင်တွယ်အသုံးပြုပုံ၊ ပြစ်ချက်ပြဿနာရှာဖွေခြင်းနှင့် စမ်းသပ်ခြင်း၊ Traction Battery ဖြုတ်တပ်ခြင်းနှင့် စမ်းသပ်ခြင်း၊ Electrical Power Train စနစ် ဖြုတ်တပ်ခြင်းနှင့် စမ်းသပ်ခြင်းဆိုင်ရာ လက်တွေ့လုပ်ငန်းများကို အဆင့်မြင့်သင်ထောက်ကူမော်ကျူးများ အသုံးပြုကာ လေ့ကျင့်သင်ကြားပေးမည်ဖြစ်၍ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကားဝပ်ရှော့များမှ သင်တန်းသား ၂၆ ဦးနှင့် ဌာနဆိုင်ရာ သင်တန်းသားသုံးဦး တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

»»» **စာမျက်နှာ ၁၆ မှ**

ပြဇာတ်သဘောတရားနှင့် ဆက်စပ်ကာ မေးသည့် အကြောင်းအရာပိုင်းလည်းဖြစ်နိုင်ပါသည်။ ကျောင်းသား ကျောင်းသူများသည် ပြဇာတ်ကို လေ့လာရာတွင် ပြဇာတ်သဘောသဘာဝနှင့် ပြဇာတ်အင်္ဂါရပ်ကို သိရှိနားလည်ရန်၊ ပြဇာတ်၏ အရသာကို ခံစားတတ်စေရန်၊ ပြဇာတ်အရေးအဖွဲ့၏ စာပေလက်ရာများကို အကဲဖြတ်နိုင်ရန် လိုအပ်လှပါသည်။ ပြဇာတ်၏ သဘောသဘာဝ၊ ပြဇာတ်၏ ဖန်တီးမှုအတတ်ပညာ၊ ပြဇာတ်၏ အရေးအသားတို့ကို သိရှိနားလည်လေ့လာဆည်းပူးထားရမည်ဖြစ်ပါသည်။ ဤမေးခွန်းအတွက် ပေးမှတ်မှာ (၁၀)မှတ်ဖြစ်ပါသည်။

**နမူနာ**

၅။ ရေသည်ပြဇာတ်တွင် တွေ့ရှိရသော ရသမြောက်အဖွဲ့များကို လေ့လာတင်ပြပါ။ (၁၀ မှတ်)

**မေးခွန်းနံပါတ် (၆)**

မေးခွန်းနံပါတ်(၆)သည် စာစီစာကုံးမေးခွန်းဖြစ်ပြီး မေးခွန်းတွင် နှစ်ပုဒ်မေးကာ တစ်ပုဒ် ဖြေဆိုရမည်ဖြစ်ပါသည်။ ကျောင်းသား ကျောင်းသူများ၏ ပင်ကိုအရည်အသွေးကို ဖော်ထုတ်နိုင်ဆုံးသော မေးခွန်းဖြစ်ပါသည်။ ကိုယ်ပိုင်ဗဟုသုတအတွေးအခေါ်ကို ကိုယ်ပိုင်စကားပြေ အရေးအသားဖြင့် ရေးသားရခြင်းဖြစ်သည့်အတွက် ကျောင်းသား ကျောင်းသူများ၏ ကိုယ်ခံကို စာစီစာကုံးဖြင့် အကဲဖြတ်ခြင်းဖြစ်ပါသည်။ စာစီစာကုံးရေးသားရန် ပုံကြမ်းအချက်အလက် ငါးချက် ပေးထားပြီး အချက်တစ်ချက်ကို စာတစ်ပိုဒ်နှုန်းဖြင့် ဖြေဆိုရမည်ဖြစ်ပါသည်။ စာစီစာကုံးဖြေဆိုရာတွင် ပုံကြမ်းအချက်အလက်ကို အခြေမခံဘဲ အလွတ်ကျက်မှတ်ဖြေဆိုပါက အမှတ်မရနိုင်သည်ကိုလည်း သတိပြုသင့်ပေသည်။ ဤမေးခွန်းအတွက် ပေးမှတ်မှာ(၁၀)မှတ်ဖြစ်ပါသည်။

**နမူနာ**

၆။ နှစ်သက်ရာ**တစ်ခု**ကို စာစီကုံးပါ။ (၁၀ မှတ်)

(၁) **သာယာသောနံနက်ခင်း**

- နေ့တစ်နေ့၏ အချိန်များအနက် သာယာသော အချိန်တစ်ချိန်ဖြစ်ပုံ
- နံနက်ဆည်းဆာ ရောင်နီထွက်ပေါ်လာပုံ
- ပတ်ဝန်းကျင်၏ သာယာလှပပုံ
- လူတို့၏ နိုးထလှုပ်ရှားကြပုံ
- နေ့တစ်နေ့ကို အင်အားသစ်ဖြင့် အစပြုပုံ

(၂) **သတိတရား**

- သတိတရား၏ အရေးကြီးပုံ
- သတိကင်းလွတ်ခြင်း၏ အပြစ်
- သတိပျက်ယွင်းစေသော အကြောင်းများ
- သတိရှိခြင်း၏ အကျိုး
- သတိတရားကို လက်ကိုင်ထားသင့်ပုံ

**မေးခွန်းနံပါတ်(၇)**

မေးခွန်းနံပါတ်(၇)သည် အဆိုတစ်ရပ်ကို ဖတ်ရှုပြီး မိမိနှစ်သက်ရာဘက်မှ ရပ်တည်ဆွေးနွေးစေသော အဆိုဆွေးနွေးမေးခွန်းမျိုးဖြစ်ပါသည်။ ကျောင်းသား ကျောင်းသူများ၏ ကိုယ်ပိုင်စဉ်းစားဉာဏ်၊ အတွေးအခေါ် ပင်ကိုအရည်အသွေးကို ဖော်ထုတ်ပြသည့် မေးခွန်းဖြစ်သဖြင့် ကိုယ်ပိုင်အတွေးအခေါ် စိတ်ကူးစိတ်သန်းကောင်းလျှင်ကောင်းသလောက် အရေးအသား အတင်အပြကောင်းလျှင် ကောင်းသလောက် အမှတ်ရနိုင်မည့် မေးခွန်းဖြစ်ပါသည်။ အဆို ဆွေးနွေးအရေးအသားသည် အလေ့အကျင့်များများပြုလုပ်ထားရန် လိုအပ်သည့်မေးခွန်းဖြစ်သဖြင့် ကျောင်းသား ကျောင်းသူများအနေဖြင့် အလေ့အကျင့်များများပြုလုပ်ကာ အရေးအသားကို အဆင်ပြေချောမွေ့စွာ ရေးတတ်ရန်လိုအပ်ပါသည်။ အပြန်အလှန်ဆွေးနွေးတတ်သည့် အလေ့အကျင့်ကောင်းများကိုလည်း ရရှိနိုင်သည့်အတွက် ကျောင်းသား ကျောင်းသူများ၏ အတွေးနှင့် အရေးအသားစွမ်းရည်ကို ဖော်ထုတ်ပေးသည့် မေးခွန်းမျိုးဖြစ်ပါသည်။

**နမူနာ**

၇။ အောက်ပါအဆိုများအနက် တစ်ခုကို ထောက်ခံ၍ဖြစ်စေ၊ ကန့်ကွက်၍ဖြစ်စေ ဆွေးနွေးပါ။ (၁၀ မှတ်)

(၁) ရသစာပေဖတ်ရခြင်းသည် သုတစာပေဖတ်ရခြင်းထက် ပိုကောင်းသည်။

(၂) ရုပ်မြင်သံကြားကြည့်ခြင်းသည် စာဖတ်ခြင်းထက် ပို၍ အကျိုးရှိသည်။

ဤမေးခွန်းကို ဖြေဆိုရာတွင် ရေးသားချိန်သည် မိနစ် (၂၀၊ ၂၅) မိနစ်ခန့်သာ ရရှိနိုင်သည့်အတွက် ရရှိမည့်အချိန်အတိုင်းအတာကို သတိပြုရမည်ဖြစ်ပါသည်။ စာပိုဒ် လေးပိုဒ်သာ ရေးသားဖြေဆိုသင့်ပြီး ပထမစာပိုဒ်သည် နိဒါန်း၊ ဒုတိယစာပိုဒ်နှင့် တတိယစာပိုဒ်တို့သည် စာကိုယ်၊ စတုတ္ထစာပိုဒ်သည် မိမိရပ်တည်ချက်ကို အတည်ပြုသည့် နိဂုံးဖြစ်ပါသည်။ စာတစ်ပိုဒ်အတွက် ရေးသားချိန်သည် ငါးမိနစ်ခန့်သာ အသုံးပြုသင့်သည့်အတွက် ပေးမှတ်နှင့် ချိန်ဆကာ မည်မျှရေးသင့်သည်ကို တွေးဆရမည်ဖြစ်ပါသည်။ ယေဘုယျအားဖြင့် အဆို ဆွေးနွေးချက်ကို စစ်ဆေးအကဲဖြတ်ရာတွင် နိဒါန်းနှင့် နိဂုံး (၂)မှတ်စီ၊ စာကိုယ်များကို(၃)မှတ်စီ လျာထားသတ်မှတ်ပါသည်။

တက္ကသိုလ်ဝင်တန်း မြန်မာစာဘာသာရပ်သည် မြန်မာအပြောစကား၊ မြန်မာစာ အရေးအသား၊ မြန်မာစာပေ၏ အနှစ်သာရတို့ကို လေ့လာသင်ယူဖြေဆိုရသည့် ဘာသာရပ်ဖြစ်ပါသည်။ ကျောင်းသား ကျောင်းသူများသည် ဓမ္မဓိဋ္ဌာန်မေးခွန်းများ၊ အဓိပ္ပာယ်ဖွင့်ဆိုချက်မေးခွန်းများကို ဖြေဆိုရာတွင် အချက်အလက်တိတိကျကျ ကျက်မှတ်ရသည့်နည်းတူ အမှန်တကယ် နားလည်သဘောပေါက်အောင်လည်း အားထုတ်ကြိုးပမ်းရမည် ဖြစ်ပါသည်။ ကဗျာမေးခွန်းရှည်၊ စကားပြေမေးခွန်းရှည်၊ ရေသည်ပြဇာတ်မေးခွန်းရှည်၊ စာစီစာကုံးနှင့် အဆိုဆွေးနွေးချက် မေးခွန်းရှည်များကို ဖြေဆိုရာတွင် မိမိ၏ စိတ်ကူးစိတ်သန်း အတွေးအခေါ်၊ အရေးအသားစွမ်းရည်တို့ကို ပြသရမည့်နည်းတူ စာစီစာကုံးနှင့် အဆိုဆွေးနွေးချက်မေးခွန်းရှည်များကို ဖြေဆိုရာတွင် ကောင်းစွာနားလည်သဘောပေါက်အောင် ဖတ်ရှုပြီး ကိုယ်ပိုင်အတွေး၊ ကိုယ်ပိုင်စိတ်ကူးဉာဏ်၊ ကိုယ်ပိုင်အရေးအသားတို့ဖြင့် ပေါင်းစပ်ကာ ရေးသားဖြေဆိုရမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား ကျောင်းသူအားလုံး မြန်မာစာပေနှင့် မြန်မာဘာသာစကားကို မြတ်နိုးတန်ဖိုးထားကာ စာမေးပွဲကို ကောင်းစွာဖြေဆိုနိုင်ပြီး ထူးထူးချွန်ချွန် အောင်မြင်ကြပါစေကြောင်း ဆန္ဒပြုလိုက်ပါသည်။

# ကန်ကြီးထောင့်မြို့နယ်၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကွန်ကရစ်လမ်းသစ်ဖွင့်



**ပုသိမ် ဒီဇင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ဒိုးပင်ဆိပ်ကျေးရွာတွင် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဒိုးပင်ဆိပ်(ပုသိမ်-ရန်ကုန်)လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါလမ်းသစ်၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ)က ကွန်ကရစ်လမ်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ)တို့က ဒိုးပင်ဆိပ်(ပုသိမ်-ရန်ကုန်)လမ်း ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တက်ရောက်လာသူများသည် ကွန်ကရစ်လမ်းသစ်ကို လှည့်လည်ကြည့်ရှုပြီး လမ်းရေရှည်တည်တံ့စေရေး ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာများက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါလမ်းသည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လမ်းဖြစ်ကာ လမ်းအရှည်နှစ်ဖာလုံ၊ အကျယ် ၁၂ ပေ၊ ဒု ခုနစ်လက်မရှိပြီး ကျေးရွာသုံးရွာအတွင်းရှိ အိမ်ခြေ ၃၈၅ လုံး၊ လူဦးရေ ၁၆၂၇ ဦးတို့၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးစသည့် ကိစ္စရပ်များကို အဆင်ပြေချောမွေ့စေမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် မုံရွာမြို့ ကုန်စည်ဒိုင်အဖွဲ့ဝင်များ၊ ကုန်စိမ်းပွဲရုံလုပ်ငန်းရှင်များနှင့် တွေ့ဆုံညှိနှိုင်း

**မုံရွာ ဒီဇင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ မုံရွာခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာကုန်စည်ဒိုင်အတွင်း မုံရွာခရိုင်နှင့် ယင်းမာပင်ခရိုင်တို့မှ ထွက်ရှိသည့် သီးနှံမျိုးစုံရောင်းဝယ်နေမှုကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးသည်။



**ရှင်းလင်းပြောကြား**

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာကုန်စည်ဒိုင်ရှိ အစည်းအဝေးခန်းမ၌ မုံရွာကုန်စည်ဒိုင် နာယက၊ ဥက္ကဋ္ဌ၊ အလုပ်အမှုဆောင်များ၊ အဖွဲ့ဝင်များနှင့်တွေ့ဆုံရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မိမိတို့တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် မုံရွာမြို့ရှိကုန်စည်များ စီးဆင်းမှု မြန်ဆန်ကောင်းမွန်စေရေး တိုင်းဒေသကြီးအတွင်းရှိလမ်းများအား အဆင့်မြှင့်တင်ပေးနေမှု၊ ပြည်သူများစားရေရိက္ခာဖူလုံစေရေးအတွက် တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ပေးနေမှု၊ ကုန်စျေးနှုန်းတည်ငြိမ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများက မိမိတို့တာဝန်ယူဆောင်ရွက်နေသည့်လုပ်ငန်းများ၊ မုံရွာကုန်စည်ဒိုင်မှ နာယက၊ ဥက္ကဋ္ဌ၊ အလုပ်အမှုဆောင်များနှင့်အဖွဲ့ဝင်များက ကုန်စည်ဒိုင်အတွင်း သီးနှံအမျိုးမျိုးရောင်းဝယ်နေမှုအခြေအနေများနှင့် ဖြည့်ဆည်းပေါင်းစပ်ပေးရန် လိုအပ်မှုအခြေအနေတို့ကို ဆွေးနွေးတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့ အလယ်ရပ်ကွက်ရှိ ပီတိသီးနှံပွဲရုံ၊ ထန်းတောရပ်ကွက်ရှိပင်ရင်းကြက်သွန်ပွဲရုံ၊ ဆူးလေကုန်းရပ်ကွက်ရှိ ဒို့ဗမာ ဆန်/ဆီပွဲရုံတို့သို့ သွားရောက်၍ ကုန်စည်များ ထုပ်ပိုးရောင်းချနေမှုများနှင့် ကုန်စည်စီးဆင်းမှုအခြေအနေများကို မေးမြန်းကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးပြီး ကုန်စည်များ သိုလှောင်ထားရှိမှုများကို လိုက်လံကြည့်ရှုသည်။

**ဆွေးနွေးတင်ပြ**

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ရုံးရှိ အစည်းအဝေးခန်းမတွင် ကုန်စိမ်းပွဲရုံလုပ်ငန်းရှင်များနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး တာဝန်ရှိသူများနှင့် မုံရွာမြို့ပေါ်ရှိ ကုန်စျေးပွဲရုံ လုပ်ငန်းရှင်များ၏ ဆွေးနွေးတင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများဆက်လက်လှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၁၉**

မြန်မာနိုင်ငံ စာရေးဆရာအသင်းက ၁၃၈၆ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့ အထိမ်းအမှတ် (၃၇) ကြိမ်မြောက် သက်ကြီး စာပေပညာရှင်များ ပူဇော် ကန်တော့ပွဲအတွက် စေတနာရှင်များက အလှူငွေများ ဆက်လက်လှူဒါန်းကြရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က အလှူငွေကျပ်သိန်း ၁၅၀၊ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းက ငွေကျပ်သိန်း ၃၀၊ ဗိုလ်ချုပ်ဒွေးဦး(ငြိမ်း) ပြည်ထောင်စုဝန်ကြီး (ငြိမ်း)-ဒေါ်နီနီဝင်း မိသားစုက ငွေကျပ် ၂၇၆၀၀၀၀၊ ဒေါက်တာတင်ထွန်းဦး-ဒေါက်တာခင်မိုးမိုး (စွယ်စုံမီဒီယာဂရု) မိသားစုက ငွေကျပ် ၁၁ သိန်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် ဒေါက်တာ ခင်ခင်ရီ (ရှိုင်းဟုပ်ကုမ္ပဏီ)တို့က ငွေကျပ် ၁၀ သိန်းစီ၊ မြန်မာနိုင်ငံဂီတအစည်းအရုံးက ငွေကျပ်သုံးသိန်း၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် စာရေးဆရာအသင်းက ငွေကျပ် ၂၅၀၀၀၀၊ သဃ်န်းကျွန်းမြို့နယ် စာရေးဆရာအသင်းက ငွေကျပ် ၁၅၀၀၀၀၊ မရမ်းကုန်းမြို့နယ် စာရေးဆရာအသင်းနှင့် ခနေဖြူ မြို့နယ်စာရေးဆရာအသင်းတို့က ငွေကျပ် ၁၁၀၀၀၀ စီ၊ ဘဒ္ဒန္တပဏ္ဍာနန္ဒ (မြတ်ဘုန်း- တပ်ကုန်း)၊ ဦးတင်ကိုကို - ဒေါ်အေးအေးမူ (တော်ဝင်မြင်းမိုရ် ကုမ္ပဏီလီမိတက်)၊ ဆရာဝန်တင်ရွှေမိသားစု၊ ဆရာနိုင်မျိုးသစ္စာ (နမ္မတူ)၊ ဒေါ်မီမီကို(မီမီကို-အလှရပ်ဝန်း)၊ ဦးဇော်အောင်ချို (မိုးစွန်ကြယ်စာပေ)၊ ဦးသိမ်းထွန်း(စစ်ရဲအိမ်)၊ စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးအသင်း၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် စာရေးဆရာအသင်း၊ တာမွေမြို့နယ် စာရေးဆရာအသင်း၊ ချောင်းဆုံမြို့နယ် စာရေးဆရာအသင်း၊ တောင်ငူမြို့နယ် စာရေးဆရာအသင်းနှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်စာရေးဆရာအသင်းတို့က ငွေကျပ်တစ်သိန်းစီ၊ ဒေါ်မြမြ (မြင်းခြံမြသီဂီ)၊ စာရေးဆရာ ကျွန်းစဉ်မြေစောခက်၊ ခရမ်းမြို့နယ် စာရေးဆရာအသင်း၊ သုံးခွမြို့နယ်စာရေးဆရာအသင်း၊ ဒဂုံမြို့နယ် စာရေးဆရာအသင်း နှင့် သံဖြူဇရပ်မြို့နယ်စာရေးဆရာအသင်းတို့က ငွေကျပ် ငါးသောင်းစီ၊ မရမ်းကုန်းမြို့နယ် စာရေးဆရာ အသင်းဥက္ကဋ္ဌ ဦးထင်ကျော်မိုး (မြေလတ်ထင်ကျော်မိုး)၊ ဒေါက်တာမြင့်ခိုင် (ဥဂ္ဂါညို)၊ ဦးအုန်း(မောင်မောင်အုန်း-လယ်ဝေး)နှင့် ဒေါ်ယုယုမော်(ရတုမြေ)တို့က ငွေကျပ် သုံးသောင်းစီ၊ သင်းသင်းလှိုင် (တပ်ကုန်း)က ငွေကျပ်နှစ်သောင်း၊ ညဏ်လင်း(တပ်ကုန်း)၊ ဦးသိန်းဝင်းမြင့်(မြကျောက်အေးချမ်း)၊ အောင်မြတ်နိုင်(တပ်ကုန်း)၊ ကြယ်စင်မင်း (တပ်ကုန်း)နှင့် မြပုလဲ(တပ်ကုန်း)တို့က ငွေကျပ်တစ်သောင်းစီ၊ အဂ္ဂမဟာမဂ်လဓမ္မဇောတိကဓဇ ဦးစိုးဝင်း (တက္ကသိုလ်စိုးယဉ်)က ငွေကျပ် ၅၂၆၃၀၀ တန်ဖိုးရှိ စာအုပ်များ လှူဒါန်းကြရာ အသင်းဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူ မောင်နိုင်မိုး)၊ ဒုတိယဥက္ကဋ္ဌ(၁) ဦးမျိုးထွန်း (မောင်စိမ်းနောင် - လယ်ဝေး)၊ အတွင်းရေးမှူး ဦးညွန့်တင် (မောင်ငြိမ်းသူ - ကြို့ပင်ကောက်) နှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။



**လှူဒါန်းနိုင်**

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေလှူဒါန်းလိုပါက မြန်မာနိုင်ငံစာရေးဆရာအသင်း အမှတ် (၁၇၃/၁၇၅) ပန်းဆိုးတန်းလမ်း (အလယ်) ကျောက်တံတား မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၅၂၄၁၇၊ ၀၉-၄၅၀၀၉၀၄၈၆သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**


■

# ဒီဇင်ဘာ ၂၀ ရက်မှ ၂၃ ရက်အတွင်း အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးခြင်းများဖြစ်ပေါ်နိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၉**

ယနေ့ညနေ ၄ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေစွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသောလေအေးများ တွေ့ဆုံမှုကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်းမှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း ဒီဇင်ဘာ ၂၀ ရက်မှ ၂၃ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးခြင်းများဖြစ်ပေါ်နိုင်သည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၉-၁၂-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန်(၀၆:၃၀)နာရီကို အခြေခံတွက်ထုတ်ထားသည့် ၂၀-၁၂-၂၀၂၄ မှ၂၃-၁၂-၂၀၂၄ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ**




**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြု ရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# "ချစ်စရာ့အရွယ် ကစားကြမယ်"ကလေးအစီအစဉ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်

**နေပြည်တော် ဒီဇင်ဘာ ၁၉**

"ချစ်စရာ့အရွယ် ကစားကြမယ်" ကလေးအစီအစဉ်ကို MRTV – HD Channel မှ အပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်ပြသလျက်ရှိရာ ဒီဇင်ဘာ ၂၁ ရက် စနေနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန် မိခင်နှင့် ကလေးကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းနှင့် နေပြည်တော် ဇေယျာသီရိမြို့နယ် အမှတ်(၂)တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းတို့မှ ကလေးငယ်များ ပါဝင်ကစားကြပုံများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ဆက်လက်ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါအစီအစဉ်ကို ကလေးများ ကိုယ်ခန္ဓာသန်စွမ်းပြီး စိတ်ရွှင်လန်းစေရန်၊ ကလေးများ၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကလေးငယ်များအချင်းချင်း၊ ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံတတ်စေရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း၍ စီစဉ်တင်ဆက်ခြင်းဖြစ်ပြီး MRTV App မှလည်း Streaming ထုတ်လွှင့်မည်ဖြစ်ရာ တစ်ချိန်တည်း ကြည့်ရှုနိုင်မည်ဖြစ်သည်။




ယင်းအစီအစဉ်ကို MRTV App ၏ Youth Sector နှင့် MRTV Telegram တို့တွင်လည်း ဆက်လက်လွှင့်တင်ထားမည်ဖြစ်၍ ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည့်အပြင် ဒီဇင်ဘာ ၂၃ ရက် တနင်္လာနေ့ ညနေ ၄ နာရီ သတင်းအပြီးတွင်လည်း Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# "အမျိုးသားအားကစားပွဲတော်" ဂုဏ်ပြုနှုတ်ဆက် တေးဂီတဖျော်ဖြေပွဲကို မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဒီဇင်ဘာ ၁၉**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန် ရည်ရွယ်ပြီး Friday Night Live Show တေးဂီတဖျော်ဖြေပွဲများကို ဆန်းသစ်တင်ဆက်လျက်ရှိရာ ဒီဇင်ဘာ ၂၀ ရက် သောကြာနေ့ ည ၉ နာရီခန့်တွင် "အမျိုးသားအားကစားပွဲတော်" ဂုဏ်ပြုနှုတ်ဆက် တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နာမည်ကျော်တေးသံရှင်များဖြစ်ကြသည့် ဆိုတေး၊ ရဲထိုက်၊ ထက်မြက်စိုး၊ စိုးညီညီ၊ မင်းသားလေး၊ ကြူကြူခိုင်၊ ထွန်းပပအောင်၊ အိအိလှိုင်၊ မြင့်မြတ်သူနှင့် မြင့်မြတ်ကျော်တို့က ဒီဇင်ဘာ ၂၀ ရက် သောကြာနေ့ ညပိုင်းတွင် ကျင်းပမည့် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်ကြီးအား ဂုဏ်ပြုနှုတ်ဆက်သည့်အနေဖြင့် "သွေးချင်းတို့ရေ နှုတ်ဆက်သည်၊ ဖူးပွင့်ဝေဆာပြည်မြန်မာ၊ ပန်းတိုင်းပွင့်ပြီ မြန်မာပြည် စသည့်တေးသီချင်းကောင်းများဖြင့် ရွေးချယ်သီဆိုဖျော်ဖြေတင်ဆက်ကြမည် ဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV App ၏ Entertainment Sector နှင့် MRTV Telegram တို့မှလည်း လွှင့်တင်ထားမည်ဖြစ်၍ ဝင်ရောက်ကြည့်ရှုနိုင်မည့်အပြင် ဒီဇင်ဘာ ၂၂ ရက် တနင်္ဂနွေ နံနက် ၁၀ နာရီခွဲတွင်လည်း Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေသွေးဂျာနယ် ထွက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၂၁-၁၂-၂၀၂၄ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၆)၊ အမှတ် (၅၁) တွင် "လပေါ်သွားမည့် မောင်အာကာ" မျက်နှာဖုံးကာတွန်း၊ "တစ်ပင်တည်းနှင့် တစ်တောဖြစ်နိုင်သည့် သစ်ပင်" သုတဆောင်းပါးကဏ္ဍ၊ ပန်းချီလက်ရာများကို တင်ဆက်ထားသည့် "ရွှေသွေးတို့ လက်ရာ" ကဏ္ဍ၊ "ပုပုပါဝင်သည့် ကြက်ပဲချက်ထားတယ်" နှစ်မျက်နှာကာတွန်း၊ "ကြိုးကြာနတ်သမီး" ပုံပြင်ကဏ္ဍ၊ အန်တီနန်း၏ ဟင်းချက်စွမ်းရည်က ဦးအော၏ ဟင်းချက်စွမ်းရည်ကို မမီကြောင်း သရုပ်ဖော်ထားသည့် "ရန်ပိုင်စိုး" တစ်မျက်နှာကာတွန်း၊ မြန်မာတို့၏ ဆောင်းဥတုအချိန်အခါ သဘာဝအလှများအကြောင်း ရေးဖွဲ့ထားသည့် ဆရာ စိုးစံခေတ်ဟန်၏ "ဆောင်းလချိန်ခါ" ကဗျာကဏ္ဍအပါအဝင် အင်္ဂလိပ်စာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**


## ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ (၂၀၂၄-၂၀၂၅) ဘဏ္ဍာရေးနှစ်၊ သာမန်အသုံးစရိတ်ရန်ပုံငွေဖြင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန အသိအမှတ်ပြု ဆေးနှင့်ဆေးပစ္စည်း၊ ဓာတ်ခွဲပစ္စည်းများနှင့် ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေဖြင့် စက်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင် မှတ်ပုံတင်ထားသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ် (၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက် ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

တင်ဒါအမှတ် – Tender.19. Med & Med Supplies and Reagents (2024–2025)
– Tender.20. Equipment (2024–2025)

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် – ၂၀ -၁၂-၂၀၂၄ ရက်နေ့
တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန် – ၇ – ၁ -၂၀၂၅ ရက်နေ့၊ မွန်းတည့်(၁၂:၀၀)နာရီ

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇၃၄၃၁၀၈၅/ ၀၆၇၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**



## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၇)ရပ်ကွက်၊ အနော်ရထာလမ်း၊ (ယခင်ကျုံးကြီးလမ်း)၊ လမ်းမတော်လမ်းထိပ်၊ အမှတ်(၁၄၁)၊ မြေညီထပ်၊ ဧရိယာ (၁၂ ပေ ၆ လက်မx ၅၀ပေ)ရှိ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်သန်းသန်းထွေး [၁၂/လမတ(နိုင်) ၀၂၂၅၀၁]၏ တရားဝင်ကိုယ်စားလှယ် သမီးဖြစ်သူ ဒေါ်ကေခိုင်ဦး [၁၂/လမတ(နိုင်) ၀၂၅၄၅၈]ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် တစ်စိတ်တစ်ဒေသ ငွေပေးချေထားပြီးဖြစ်သဖြင့် ကန့်ကွက်လိုသူများသည် ဤကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်း၊ စာရွက်စာတမ်း အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**
**ဒေါ်စန်းစန်းဝင်း (တရားလွှတ်တော်ရှေ့နေ)(စဉ်-၂၁၇၂)**
**B,A (LAW) LL.B (Advocate), D.B.L, D.M.L,D.I.L, D.A.Psy.**
**WIPO, DL(101), (201),(317) Switzerland (Geneva).**
**အမှတ် (၂၀၉/ဃ)၊ ဘူတာရုံလမ်း၊ ကန်ဘဲ့၊ (၁၂) ရပ်ကွက်၊**
**ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၅၀၇၁၂၀၆၊ ၀၉-၉၇၄၇၃၅၆၈၆**



## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄၆၊ မြေကွက်အမှတ်-၅၇၇၊ မြေကွက်တည်နေရာအမှတ် (၅၇၇)၊ ရေကြည်လမ်း၊ (၂၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ဧရိယာ(၀.၀၅၅)ဧက၊ ဒေါ်လုတောင်[၁/မကန(နိုင်)၀၇၃၆၇၉] နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက်ကိုယ်တိုင်မှ ဂရန်ပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်း အမှတ်(၂၀)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရွှေပြည်သာမြို့မရဲစခန်းထောက်ခံချက်၊ ၎င်းတရားဝင်အမည်ပေါက်ပိုင်ဆိုင်လာသော မြေကွက်နှင့်ပတ်သက်သည့် နှစ်(၆၀) မြေငှားဂရန်မူရင်းမှာ အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ပါကြောင်း၊ နှစ်(၆၀) ဂရန်မူရင်းနှင့် အထက်ပါမြေကွက်တို့အား အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ လှူဒါန်းထားခြင်း၊ အာမခံအဖြစ်တင်သွင်းထားခြင်းတို့ လုံးဝမရှိပါကြောင်းနှင့် အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်ခဲ့ပါကလည်း ၎င်းအပေါ်တွင်သာ တာဝန်ရှိပါကြောင်း၊ ၎င်းကသာ တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်း (၈-၅-၂၀၂၄)ရက်စွဲဖြင့် ကျောက်တံတားခရိုင်တရားရုံးတွင် ကိုယ်တိုင်ကျိန်ဆိုထားသည့် ကျမ်းကျိန်လွှာ၊ ဂရန်မူရင်းပျောက်ဆုံးကြောင်း ကိုယ်တိုင်ဝန်ခံချက်တို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ် (ထောက်ကြန့်မြို့)၊ ရွာမရပ်ကွက်၊ ခတ္တာလမ်းတွင်တည်ရှိသော အကျယ်အဝန်းအားဖြင့် (၁၅x၅၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ဟင်္ဂလန်အုတ်ညှပ်၊ သွပ်မိုး၊ တစ်ထပ်အဆောက်အဦး (၁)လုံး၊ ကိုယ်ပိုင်လျှပ်စစ်မီတာတစ်လုံးပါဝင်မည့်၊ အဝီစိရေတူးပြီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်တင်အေး [၁၂/ပဘတ(နိုင်) ၀၁၂၃၉၀]က မိမိကိုယ်တိုင်ပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်းနှင့်လက်ရှိဖြစ်ကြောင်း ဝန်ခံကတိပြုပြောဆို၍ ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသ စရန်ငွေကို ရောင်းသူအား (၅-၁၂-၂၀၂၄)ရက်နေ့၌ စရန်ပေးစာချုပ်ချုပ်ဆို၍ ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ဤကြော်ငြာပါသည့်နေ့မှစ၍ (၂-၁-၂၀၂၅)ရက်နေ့ နောက်ဆုံးထား၍ ကျွန်ုပ်ထံသို့ ဤအရောင်းအဝယ်နှင့်စပ်လျဉ်း၍ အကျိုးသက်ဆိုင်သူ မည်သူမဆို သက်ဆိုင်ရာအထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက်၍ အားမနာတမ်း ကန့်ကွက်တင်ပြနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးညွန့်ဝင်းအောင်[၈/သရန(နိုင်)၀၂၀၃၇၄]၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးနေဝင်း**
**(တရားလွှတ်တော်ရှေ့နေ) (စဉ်-၄၉၄၃)**
**တိုက် (၄၁)၊ အခန်း (ဘီ-၃)၊ ဒုတိယထပ်၊ (၁၁)လမ်း၊**
**(၃) ရပ်ကွက်၊ လှိုင်မြို့နယ်။**



## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၂၊မြေကွက်အမှတ်-၁၀၁၅/ခ၊(၁၀၀၀)စ/ပေ၊မြေကွက်တည်နေရာအမှတ်(၁၀၁၅/ခ)၊သုမေဓာလမ်းမ၊(၂)ရပ်ကွက်၊ဒေါ်အေးကြိုင်(BGE-၀၈၂၅၂၅)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအားမြေအမည်ပေါက်-ဒေါ်အေးကြိုင်(ဇနီး)သည်(၁-၈-၂၀၁၈)ရက်နေ့တွင်ကွယ်လွန်ခဲ့သဖြင့်၎င်း၏ခင်ပွန်းဖြစ်သူဦးကံဆောင်(၁၂/ဥကမ(နိုင်)၀၇၉၁၃၄)မှတရားဝင်အမွေဆက်ခံပိုင်ဆိုင်သည့်ခင်ပွန်းတော်စပ်ကြောင်း၊မိမိမှလွဲ၍အခြားသောအမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိသည်မှာမှန်ကန်ကြောင်းကျမ်းကျိန်လွှာအမှတ်-၄၁၁၂/၂၀၂၄/၁၂-၉-၂၀၂၄ထောက်ခံကျမ်းကျိန်(၂)စောင်၊သေစာရင်း၊အိမ်ထောင်စုစာရင်း၊နိုင်ငံသားစိစစ်ရေးကတ်၊ဂရန်မူရင်းတို့တင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်ပညာရေးတက္ကသိုလ် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန ဘွဲ့လွန်အင်္ဂလိပ်စာဒီပလိုမာသင်တန်း [Postgraduate Diploma in English (PGDip.Eng)] သင်တန်းအပတ်စဉ်(၅) ဖွင့်လှစ်မည့်အစီအစဉ်ကြေညာချက်

ရန်ကုန်ပညာရေးတက္ကသိုလ် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး အစီအစဉ်ဖြင့် အင်္ဂလိပ်စာဌာနမှ ဦးစီးဖွင့်လှစ်မည့် ဘွဲ့လွန်အင်္ဂလိပ်စာ ဒီပလိုမာ [Postgraduate Diploma in English (PGDip.Eng)] သင်တန်း အပတ်စဉ်(၅)ကို အောက်ပါအစီအစဉ်အတိုင်း ဖွင့်လှစ်မည်ဖြစ်ပါသဖြင့် စိတ်ဝင်စားသူများ Online မှ သင်တန်းလျှောက်လွှာတင်နိုင်ပါသည်–

| | | |
|---|---|---|
| သင်တန်းအမည် | – | ဘွဲ့လွန်အင်္ဂလိပ်စာဒီပလိုမာ [Postgraduate Diploma in English (PGDip.Eng)] |
| အရည်အချင်းသတ်မှတ်ချက် | – | အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲ/ဌာနမှူး/ကျောင်းအုပ်ကြီး၏ ခွင့်ပြုချက်ပါရှိရမည်။ (ပညာရေးဝန်ကြီးဌာနရှိဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများ ဦးစား ပေးမည်။) |
| အသက်ကန့်သတ်ချက် | – | (၆၀)နှစ်အောက် |
| သင်ကြားမည့်နေရာ | – | ရန်ကုန်ပညာရေးတက္ကသိုလ် |
| သင်ကြားပို့ချမည့်အချိန် | – | တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ နံနက် ၇:၀၀ နာရီမှ ၉:၀၀နာရီထိ (သို့မဟုတ်) စနေ၊ တနင်္ဂနွေ နံနက် ၉:၀၀နာရီမှ ၁၂:၀၀ နာရီထိ စနေ၊ တနင်္ဂနွေ မွန်းလွဲ ၁:၀၀ နာရီမှ ၄:၀၀နာရီထိ |
| သင်တန်းကာလ | – | သင်တန်းကာလကို Level (၅)ခု သတ်မှတ်ထားပါသည်။ 1. Elementary Level 2. Pre–Intermediate Level 3. Intermediate Level 4. Upper Intermediate Level 5. Advanced Level (Level တစ်ခုလျှင် 10 weeks ကြာမည်ဖြစ်ပါသည်။) |
| သင်တန်းကြေး | – | Level တစ်ခုလျှင် တစ်ကြိမ် ၈၀၀၀၀ိ/– ကျပ် ပေးသွင်းရပါမည်။ |
| ပေးအပ်မည့်ဘွဲ့ | – | ဘွဲ့လွန်အင်္ဂလိပ်စာဒီပလိုမာ [Postgraduate Diploma in English (PGDip.Eng)] |
| Online ဖြင့် သင်တန်းလျှောက်လွှာတင်ရမည့် link နှင့် နေ့၊ ရက်၊ အချိန် | – | lms.yuoe.edu.mm (၂၃–၁၂–၂၀၂၄)ရက် (တနင်္လာနေ့) (နံနက် ၉:၀၀ နာရီမှ သတ်မှတ်ဦးရေ ပြည့်သည်အထိ) |
| လျှောက်လွှာပုံစံစစ်ဆေးရန်နှင့် သင်တန်းကြေးလက်ခံမည့် နေ့၊ ရက်နှင့် နေရာ | – | (၂၄–၁၂–၂၀၂၄)ရက်နေ့ (အင်္ဂါနေ့) သင်တန်းရေးရာဌာန၊ ရန်ကုန်ပညာရေး တက္ကသိုလ် |
| သင်တန်းစတင်ဖွင့်လှစ်မည့်ရက် | – | (၂၈–၁၂–၂၀၂၄)ရက် (စနေနေ့) |
| စုံစမ်းရန် | – | ရန်ကုန်ပညာရေးတက္ကသိုလ် Website: www.yuoe.edu.mm နှင့် သင်တန်းရေးရာဌာန၊ ရန်ကုန်ပညာရေး တက္ကသိုလ် |

**သင်တန်းရေးရာဌာန၊ ရန်ကုန်ပညာရေးတက္ကသိုလ်**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

